

# ကံလေးမျိုး တရားတော်

## သေနိယ နှင့် ပုဏ္ဏာကျွတ်ခန်း

ဟောကြားသည့်နေ့

(၂၂-၄-၆၂)

၁၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၃) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော

# "ကံလေးမျိုး တရားတော်"

(သေနိယနှင့် ပုဏ္ဏကျွတ်ခန်း)
(၂၂-၄-၆၂)

ယနေ့ဟောရမည့် တရားသည်တဲ့ . . . ကံကို နားလည်ဖို့ ကံလေးမျိုးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် **မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဟောတယ်လို့** မှတ်ထားပါ. . . (မှန်ပါ့)။

ပါဠိတော်ကို စကားထည့်လိုက်ခြင်းသည် မည်သူတစ်ဦးတစ်ယောက်မှ ဟောတာမဟုတ်ဘူး။ ဘုရားသခင် ကိုယ်တိုင်သိပြီး ဘုရားကိုယ်တိုင်ဟောတာ . . . (မှန်ပါ့)။

တစ်ဆင့်ကြားနဲ့ပြောတာမဟုတ်ဘူး. . . (မှန်ပါ့) ရှေးလူကြီးတွေက ဒီလိုပြောတယ်ဆိုတဲ့ အသွားမျိုးနဲ့ဘုရားကဟောတာမဟုတ်ဘူး. . . (မှန်ပါ့)။

ပါဠိတော်ဆိုတာက ဘုရားကိုယ်တိုင် သဗ္ဗညုတဉာဏ်ကြီး ရပြီးတော့မှ ဉာဏ်ထဲမှာအကုန်မြင်ပြီးသကာလ ပြောတာ. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ပြောကြပါစို့တဲ့. . .၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်က ဘုရားသခင်ကလဲ အိန္ဒိယ မှာ ပွင့်ရတဲ့ ဘုရားဖြစ်နေတော့ ဘုရားမပွင့်ခင်က မိစ္ဆာဒိဋ္ဌိအယူ တွေကလဲရှိတယ်. . . (မှန်ပါ့)။

ကိုယ်ယူချင်တာ ယူပြီး ကိုယ်ထင်ရာလုပ်နေတဲ့ ဘာသာ အယူဝါဒတွေကလဲရှိတယ်တဲ့. . . (မှန်ပါ့)။

## နွားလိုကျင့်သူ

ပုဏ္ဏဆိုတဲ့ လူတစ်ယောက်က သူက သူ့ကိုယ်သူ နွားလို ပဲ သွားတယ်၊ သူ့ခေါင်းမှာလဲ နွားလိုပဲ ချိုကြီးတပ်ထားတယ်၊ နွားလိုပဲ အမြီးတပ်ထားတယ်၊ နွားလိုပဲ တွန်းနေတာပဲ၊ နွားစား တဲ့အစာပဲစားတယ်၊ ဒီအကျင့်ကျင့်ရင် နိဗ္ဗာန် ရောက်တယ် လို့ယူတယ်. . . (မှန်ပါ့) ဒါဟာ အိန္ဒိယမှာ ယခုထက်တိုင် ရှိပါသေးတယ်. . . (မှန်ပါ့)။

## ခွေးလိုကျင့်သူ

သူ့သူငယ်ချင်း သေနိယဆိုတဲ့ သူကတော့ တစ်မျိုး ကျင့်တယ်၊ ခွေးကဲ့သို့ လေးဘက်သွားပြီးသကာလ လူများ လာလို့ရှိရင် ခွေးလိုအူတယ်၊ ထမင်းကို ဒီအတိုင်းကျွေးလို့မစားဘူး၊ မြေပေါ် ပစ်ပေးမှ ခွေးလိုစားတယ်. . . (မှန်ပါ့)။

လူတွေ့တယ်ဆိုလို့ရှိရင်ဖြင့် လျှောက်ပြီးတော့ ပွတ်တပ ခွေးအမူအရာအကုန်လုပ်တာပဲ. . . (မှန်ပါ့)။

အဲဒီလိုနဲ့ သူတို့နှစ်ယောက်က ဘုရားသခင် ကိုယ်တော်မြတ်ကြီးနေတဲ့ဆီ အကြောင်းတိုက်ဆိုင်လို့ ရောက်လာကြတယ်၊ အကြောင်းတိုက်ဆိုင်လို့ ရောက်လာပြီး ဘုရားနဲ့တွေ့တော့ မေးတယ်၊ ပုဏ္ဏက သူ့သူငယ်ချင်း သေနိယခွေးလို ကျင့်ပြီး သကာလ ခွေးလိုစားပါတယ်။ ဒါ. . . ကိလေသာခေါင်းပါးတဲ့ အလုပ်, ကိလေသာချုပ်တဲ့အလုပ်, ကိလေသာငြိမ်းတဲ့အလုပ်လို့ ဆိုပြီး သကာလကျင့်ပါတယ်။ ဒါ. . . သေတဲ့အခါ ဘယ်များ သွားပြီးလားရာဂတိ ဘယ်များဖြစ်မှာတုံးလို့ မေးလိုက်တယ်. . . (မှန်ပါ့)။

ပုဏ္ဏမမေးနဲ့ကွ ငါ. . . မပြောချင်ဘူးတဲ့၊ ဘုရားက မမေးနဲ့တဲ့. . . (မှန်ပါ့ဘုရား)။

## သေရင်ဘယ်မှာဖြစ်မှာတုံး

မနေဘူး သူက နောက် ဒုတိယ အကြိမ်မေးတယ်၊ ဒုတိယ အကြိမ် မေးပြန်တော့လဲ မမေးနဲ့ကွာ . . . ဒီဥစ္စာလို့ ပြန်ပြော တယ်၊ အဖြေခက်လို့ပေါ့လေ. . . (မှန်ပါ့)။

နောက်တစ်ခါတတိယအကြိမ်မေးတယ်၊ ဦးဘသန်း တတိယအကြိမ်မေးတော့ မဖြေလို့မဖြစ်တော့ဘူးကွာ. . . တဲ့၊ ခွေးလိုကျင့်တဲ့ သေနိယဟာ ဒီလိုကျင့်လို့ရှိရင်ဖြင့် သေသည်၏ အခြားမဲ့၌ **သူ့ဝါသနာ အထုံအတိုင်း ခွေးပဲဖြစ်ရမယ်၊ ခွေးလိုကျင့်လို့ ဒီဟာက ကိလေသာခေါင်းပါးတယ်၊ ဒီအယူဟာမှန်တယ်လို့ မိစ္ဆာဒိဋ္ဌိအယူ ယူလိုက်ပြန်လို့ရှိရင်လဲ အဝီစိငရဲလဲကျလိမ့်မယ်** တဲ့၊ နှစ်ချက်. . . (မှန်ပါ)။

## ခွေးဖြစ်မယ်

ခွေးလိုကျင့်လို့သေရင် ခွေးဖြစ်မှာက တစ်ချက်၊ ဒီအယူ ဟာ ဟုတ်တယ်, မှန်တယ်လို့ ယူလိုက်တဲ့အတွက် ငရဲကျဦးမှာက တစ်ချက်ဆိုတော့ . . . ပုဏ္ဏက ငိုရှာတယ်. . . (မှန်ပါ့)။

မင်း. . . ငါအပြောသားပဲ နဂိုက၊ မမေးနဲ့. . . မမေးနဲ့လို့ ပြောသားပဲ၊ မင်းက သုံးကြိမ်တိုင်တိုင် မေးတော့ မဖြေရင်မဖြစ် လို့ ငါဖြေလိုက်တယ်. . . (မှန်ပါ့)။

ဦးဘသန်းတို့ ဦးအောင်ဇံဝေတို့ အိန္ဒိယမှာ ဒါတွေရှိသေးတယ်. . . (မှန်ပါ့)။

ဒါနဲ့ ငိုရှာတယ်၊ မင်းကို ဒါကြောင့် အပြောသားပဲ. . . မမေးနဲ့ဆိုတာ အခုတော့ မင်းက ငိုချင်းချတယ်။

ငိုတာက တခြားမဟုတ်ပါဘူးတဲ့. . . အကျင့်ကြီး ကျင့်ပြီး သကာလ ဆိုးရွားတဲ့ ခွေးလဲဖြစ်ရဦးမယ်၊ ငရဲလဲကျဦးမယ်ဆိုတဲ့ ဥစ္စာကို ကိုယ့်အမှားကိုသိပြီး မျက်ရည်ကျပါတယ်. . . ဒါ. . . ပြောလိုက်တယ်နော်. . . (မှန်ပါ့)။

နောက်တစ်ခါ တစ်ယောက်ကမေးပြန်တယ်၊ ခွေးလိုကျင့်တဲ့ သေနိယကလဲ ပုဏ္ဏကနွားလိုကျင့်တယ်၊ နွားကဲ့သို့ပဲ တွန်တယ်၊ နွားလိုပဲ ချိုတပ်ထားတယ်၊ နွားလိုပဲ အမြီးတပ်ထားတယ်၊ သွားတော့နွားလိုသွားတယ်၊ စားတော့ နွားစာတွေ စားတယ်။ သူကတော့ ဘယ်လိုတုံး. . . တဲ့၊ ကိုယ့်အယူကို ကိုယ့်ဆုံးဖြတ်ချက်ချနိုင်တာမှ မဟုတ်ဘဲကိုး . . . (မှန်ပါ့ဘုရား) တစ်ယောက်ဥစ္စာ တစ်ယောက်က မေးနေကြတယ်. . . (မှန်ပါ့)။

## နွားဖြစ်မယ်

မမေးနဲ့ကွ. . . လို့ ခုနင်ကလိုပဲ သုံးခါပြောတာပဲ. . . (မှန်ပါ့ဘုရား) နောက် သုံးခါမြောက်မေးတော့လဲ ဦးအောင်ဇံဝေ

မဖြေရင် မဖြစ်လို့ ဖြေလိုက်တယ်. . . (မှန်ပါ) ဘယ်လိုဖြေလိုက်

နွားတို့၏ အကျင့် နွားတို့၏အလေ့ကို ဝါသနာထုံတိုင်း ဒီစိတ်နဲ့သာ **နွားစိတ်နဲ့သာ သေသွားတယ်ဆိုရင် သေရင်နွား ဖြစ်မယ်တဲ့. . .** (မှန်ပါ)။

## ငရဲလဲကျဦးမယ်

ဒီအယူသည် ကိလေသာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်တယ်လို့ အယူမှားကြီးကို **မိစ္ဆာဒိဋ္ဌိအယူ၌ စွဲနေမယ်ဆိုလို့ရှိရင် ငရဲကျဦးမယ်ကွ . . .** လို့ ဆိုတော့ သူလဲ ငိုပြန်တာပဲ. . . (မှန်ပါ ဘုရား) နှစ်ယောက်စလုံး ငိုတာပဲ။

ကဲ. . . ဦးဘသန်း တွေ့တယ်မဟုတ်လား. . . (မှန်ပါ) ထင်ရာလုပ်နေကြတာ . . . (မှန်ပါ)။

အဲ ဒီတော့ ခင်ဗျားတို့ တိုက်တွန်းတယ်လို့ဆိုတာ မောင်ထွန်းအောင်တို့မှတ်ရမယ်၊ နောက် ဘုန်းကြီးတို့လို ပြောမည့်ဆိုမည့်သူ မရှိတော့ဘဲ သာသနာ ကွယ်သွားမည်ဆိုလို့ရှိရင် ဦးဘသန်း ကိုယ်ထင်ရာ ကိုယ်လုပ်ကြမှာပဲ . . . (မှန်ပါ)။

အခုတောင်မှ အချို့ဘာသာအယူဝါဒမရှိဘူး၊ မဟုတ်ဘူးလား. . (မှန်ပါ) တိတ္ထိတွေမှာ ဘာသာအယူဝါဒရှိပါရဲ့လား သဿတသမားတွေ (မှန်ပါ) သဿတဒိဋ္ဌိတွေဆိုတော့ ခန္ဓာဟာ

ခိုင်တယ်မြဲတယ်လို့ ယူပစ် လိုက်တာကိုး. . . (မှန်ပ့ါဘုရား)။

သူတို့ကလဲ သဿတဒိဋ္ဌိတွေဆိုတော့ ခင်ဗျားတို့က ကွက်ကွက်ကလေးထဲ လူပေါင်း ထောင်, သန်း, ထဲတောင်မှာ ကွက်ကွက်ကလေးထဲမှာ ဒီထောင်တတ်တဲ့ နားကလေးပါလာပြီးတော့ အယူမှန်ကလေး ဆရာဘုန်းကြီးနဲ့တွေ့မှသာ ခင်ဗျားတို့ သစ္စာဉာဏ် ရတာကိုး . . . (မှန်ပ့ါဘုရား)။

နဂိုက ကမ္မဿကတ ဉာဏ်ကလေးနဲ့ ကောင်းတာလုပ်ကောင်းကျိုးပေးမယ်နဲ့ ဒါနဲ့ အချိန်ကုန်လာကြတာကိုး . . . (မှန်လှပါဘုရား)။

အဲဒီတော့ကို လ, သာတုန်းဗိုင်းငင်လို့ ရှေးစကားတွေရှိပါတယ်. . . (မှန်ပ့ါ) ဝါထွက်တဲ့အရပ်တွေမှာ လသာတုန်းဗိုင်းငင်ဆိုတော့ ခင်ဗျားတို့လဲ ရှေးမှီတဲ့လူတွေဆိုတော့ ကြားဖူးကြတာပေါ့ ဒီစကားကို . . . (မှန်ပ့ါ)။

## ဝိပဿနာဉာဏ်ပျောက်ဖို့သာရှိတယ်

ဒီမှာလဲ အခုသာသနာ လ, သာတုန်း ခင်ဗျားတို့ ဝိပဿနာအလုပ်ကိုလုပ်လို့ပြောတာ . . . (မှန်ပ့ါ) နောင်ကို မလာနိုင်ဘူး. . . (မှန်ပ့ါ) နောင်ကိုတော့ ပေါ်မှာမဟုတ်ဘူး၊ ပျောက်ဖို့ရာသာရှိတယ် ဦးဘသန်းနော် . . . (မှန်ပ့ါ)။

အခုလဲ ဘုန်းကြီးတို့တစ်ဝိုက်မှာ ကွက်ကွက်ကလေးပေါ်တာ. . . (အင်မတန်နည်းပါတယ်) အင်မတန်နည်းပါတယ်၊ ဘယ်လောက်ကြီးလူကြီးဖြစ်ဖြစ်, ဘယ်လောက်ကြီးတဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်ဖြစ် ကမ္မဿကတဉာဏ်လောက်ပဲ ပြောနေတာပဲ . . . (မှန်ပ့ါ) ဒါပဲပြောတာပဲ . . . (မှန်ပ့ါ)။

ကောင်းတာလုပ်, ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်၊ မင်းလုပ် မင်းခံရမှာပဲကွ၊ ဟော. . . သဿတဒိဋ္ဌိပြောတာပဲ . . . (မှန်ပ့ါ)။

မင်းလုပ်တော့ မင်းခံဆိုတာ ဟိုမှာလဲ မင်းထင်နေတာပဲ . . . (မှန်ပ့ါ) သဿတဒိဋ္ဌိသမားမှန်က အကြောင်းအကျိုးက မဝေဖန်တတ်ဘူး၊ ဝေဖန်တတ်ပြန်လဲ လည်လည်ပတ်ပတ်မပြောတတ်ဘူး၊ ဦးဘသန်း သိပ်ကြောက်စရာကောင်းပါလား. . . (မှန်ပါဘုရား)။

အဲဒီ သဿတဒိဋ္ဌိကလဲ ကုသိုလ်လုပ်ရင် ကုသိုလ်ရတာတော့ဟုတ်ပါရဲ့၊ ဒိဋ္ဌိမပြုတ်တဲ့အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကျတော့ တားချလိုက်တာပဲ . . . (မှန်ပ့ါ) နိဗ္ဗာန်ကျတော့ တားချလိုက်တာပဲ . . . (မှန်ပ့ါ)။

ကဲ. . . ကြည့် ဘုရားပွင့်နေတုန်းကိုဒီအယူကြီးက ရှိနေတယ်. . . (မှန်ပ့ါ) နွားလိုကျင့်တဲ့အယူ, ခွေးလိုကျင့်တဲ့အယူ

. . . (မှန်ပါ့) ဒါတွေဟာ မှားတဲ့အယူပဲ ဖြစ်မနေဘူးလား . . . (နေပါတယ်ဘုရား)။

ဒါနဲ့ သေနိယက ဒါဖြင့် ဘုရား. . . တဲ့ တပည့်တော်တို့ကို ဟောပါတဲ့၊ မှန်တဲ့တရားကို ကျင့်ပါရစေတဲ့. . . (မှန်ပါ့) အခုတရားဟာက သူ့အကျိုးအပြစ်သာ ပြောရသေးတယ် တရားမှမဟောရသေးပဲ. . . (မှန်ပါ့) တရားမဟောရသေးဘူး၊ သူတို့မေးတာ ဖြေတုန်းပဲရှိသေးတယ် . . . (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးနေတော့ ကိုင်း. . . ဒါဖြင့် မင်းတို့ကျင့်စရာ ငါပြောမယ်ဆိုပြီးသကာလ ဘုရားက တရားဟောပြီ (မှန်ပါ့) တရားဟောတော့ မင်းတို့က သေသေချာချာ မှတ်ကြရတော့မယ် . . . (မှန်ပါ့)။

## ကံလေးမျိုးဆိုတာ

ကံလေးမျိုးခွဲမယ်ဟေ့ . . . တဲ့၊ မည်းတဲ့ကံ မည်းတဲ့အကျိုးပေးတာကတစ်မျိုး, ဖြူတဲ့ကံ ဖြူတဲ့အကျိုးပေးတာကတစ်မျိုးနော် . . . (မှန်ပါ့) အမည်းအဖြူရောတဲ့ကံက အမည်းအဖြူရောပြီး အကျိုးပေးတာကတစ်မျိုး၊ **အမည်းအဖြူ မရောတဲ့ကံက အမည်းအဖြူမရောတဲ့ အကျိုးပေးတာက** တစ်မျိုးတဲ့၊ ဘယ်နှစ်မျိုး ရှိသွားပလဲ . . . (လေးမျိုးရှိပါပြီဘုရား)။

ပြန်ပြောလိုက်ပါဦးမယ်၊ ဒါ. . . အရေးကြီးတဲ့တရား (မှန်ပါ့ဘုရား) မည်းတဲ့ကံကမည်းတဲ့အကျိုးပေးတယ်ကွ၊ ၁-နံပါတ်. . . (မှန်ပါ့ဘုရား) ဖြူတဲ့ကံကဖြူတဲ့အကျိုးပေးတယ်ကွ၊ အမည်းအဖြူရောတဲ့ကံက အမည်းအဖြူရောတဲ့အကျိုးပေးတယ်ကွ . . . အမည်းအဖြူမရောတဲ့ကံက အမည်းအဖြူမရောတဲ့အကျိုး ပေးသကွ . . . ဆိုတော့ ဦးဘသန်း ဘယ်နှစ်မျိုးရှိသွားပြီလဲ . . . (လေးမျိုးပါဘုရား)။

ပြောစမ်း ၁-နံပါတ်ကဘာတုံး . . . (၁-နံပါတ်က အမည်းကံကအမည်းအကျိုးပေးပါတယ်ဘုရား) အဖြူကံက (အဖြူအကျိုးပေးပါတယ်) အမည်း, အဖြူရောတဲ့ကံက . . . (အမည်းအဖြူရောတဲ့အကျိုးပေးပါတယ်) အမည်းအဖြူမရောတဲ့ကံက (အမည်းအဖြူမရောတဲ့အကျိုးပေးပါတယ်ဘုရား)။

ဒါ . . . သေနိယတို့ ပုဏ္ဏတို့ကို ဟောနေတာနော် . . . (မှန်ပါ့ဘုရား)။

## အမည်းကံ

အဲဒီတော့ကွာ . . . တဲ့၊ ငါရှင်းပြမယ်တဲ့၊ ဒါ အကျဉ်းရှိသေးတယ် အကျယ်ငါဟောပြောပြမယ် . . . တဲ့၊ မင်းတို့ အကုသိုလ်ဆယ့်နှစ်ခုနဲ့ ပြုတဲ့ကံတွေကတော့ဖြင့် သူတို့က မည်း

တဲ့ကံဖြစ်နေလို့ အပါယ်လေးဘုံပဲ အကျိုးပေးတယ်ကွတဲ့ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အကုသိုလ်ကံကတော့ အပါယ်လေးဘုံပဲ အကျိုးပေးတော့ အမည်းကံမို့ အမည်းကံပဲ အကျိုးပေးတယ် . . . (မှန်ပါ့) ဒါ . . မှတ်လိုက်ရမယ်နော် . . . (မှန်ပါ့)။

## အဖြူကံ

ခင်ဗျားတို့ရှေးတုန်းက ပြုထားတဲ့ ကျွေးကြ၊ မွေးကြ၊ လှူကြတန်းကြတဲ့ကံတွေဟာ အခုလို သစ္စာမသိခင်တုန်းကပေါ့ဗျာ . . (မှန်ပါ့) အဲဒါကတော့ အဖြူကံတွေတဲ့ အဖြူအကျိုးပေးတယ်တဲ့ နတ်ရွာသုဂတိပဲ အကျိုးပေးတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

အဖြူကံက . . (အဖြူ အကျိုးပေးပါတယ် ဘုရား) ဘယ်ကံတုံးမေးတော့မှ ကာမာဝစရကုသိုလ်ကံက ကာမာဝစရ အကျိုးပေးတာပဲ . . . (မှန်ပါ့) ကာမာဝစရ ကုသိုလ်ရှစ်ခုပေါ့ဗျာ . . . (မှန်ပါ့) နှစ်ခုပြီးသွားပြီနော် . . . (မှန်ပါ့)။

## အမည်းအဖြူရောတဲ့ကံ

အမည်း, အဖြူရောနေတဲ့ကံက အမည်း, အဖြူအရော ကို အကျိုးပေးတယ်၊ ဒါက ဘာတုံးဆိုတော့ နွားသတ်၊ ဝက်သတ် ပြီးတော့မှ အလှူပေးတဲ့ အလှူမျိုးပေါ့ဗျာ။ မုဆိုး, တံငါကပေးတဲ့ အလှူလည်းရှိသေးတာကိုးဗျ . . . (မှန်ပါ့)။

အဲဒါကျတော့ သူပြုထားတဲ့ဥစ္စာက အကုသိုလ် လှူတာ က ကုသိုလ်ဆိုတော့ အကုသိုလ်လုပ်ပြီး ကုသိုလ်လုပ်တာကိုး . . . (မှန်ပါ့)။ ကုသိုလ်ပြုတယ်ဆိုတော့ အမည်း, အဖြူမရော ဘူးလား . . . (ရောပါတယ်ဘုရား)။

## ဆင်ဖြူတော်

အဲဒါကျတော့ကွာ . . . တဲ့ ဟို . . . နတ် နဂါးကြီးတွေ, ဆင်ဖြူတော်ကြီးတွေ ဒီလိုဟာ အကျိုးပေးတယ်တဲ့ . . . (မှန်ပါ့) အမည်း,အဖြူရောပြီး အကျိုးပေးတယ် . . . (မှန်ပါ့) တိရစ္ဆာန်ဖြစ်ရတာက အမည်းကြောင့် . . . (မှန်ပါ့) ဆင်ဖြူ တော်ကြီးဖြစ်ရတာက ကုသိုလ်ပြုလို့ ကမ္ဘဿကတဉာဏ်ကြောင့် ပေါ့ဗျာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အမည်း,အဖြူရောတဲ့ကံက (အမည်း,အဖြူ ရောတဲ့အကျိုး

တော်တို့ အသသတိုရ်တို့, ရှင်ဘုရင့်နန်းတော်မှာ ရွှေဇလုံကြီးတွေနဲ့ စားတဲ့တိရစ္ဆာန်တွေပေါ့ဗျာ . . (မှန်ပါ့) နတ်နဂါးမင်းကြီးတွေ မရှိပေဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီလို နတ်နဂါးမင်းကြီးတွေ ပြီးတော့ နေ့စံ-ညခံဆိုတဲ့ ပြိတ္တာတွေ အဲဒါတွေဟာ နဂိုက အမည်း,အဖြူရောတဲ့ကံ လုပ်လို့ အမည်း,အဖြူ အကျိုးပေးတယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ကာမာဝစရနဲ့ အကုသိုလ်ရောလုပ်တယ် . . . (မှန်ပါ့ အကုသိုလ်နဲ့ကုသိုလ် ရောနေပါတယ်ဘုရား)။

ဒီလိုဆိုတော့ အခု ပြောခဲ့တဲ့ သုံးမျိုးဟာ သုံးမျိုးစလုံး မကောင်းသေးဘူး (မှန်ပါ့ဘုရား) အမည်းကံကလဲ အကျိုးပေး မကောင်းဘူး . . . (မှန်ပါ့) အပါယ်လေးပါးပဲ အကျိုးပေးတယ် . . . (မှန်ပါ့)။

အဖြူကံကလဲ သုဂတိ အကျိုးပေးတယ်ဆိုပေမယ့် နိဗ္ဗာန်မှ မပါသေးဘဲ . . . (မှန်ပါ့ဘုရား) မပါသေးတော့ သူလဲ ကျုပ်တို့ အကြိုက်ကြီးကြိုက်လို့မရသေးဘူး . . . (မှန်ပါ့) အမည်း,အဖြူ ရောတဲ့ကံလဲ ကျုပ်တို့အကြိုက်ကြီးကြိုက်ဖို့ မလိုဘူး . . . (မှန်ပါ့ ဘုရား)။

## အမည်းအဖြူမရောတဲ့ကံ

ဒါဖြင့် ကျုပ်တို့ အမည်း,အဖြူ မရောတဲ့ကံအရေးကြီးတယ်လို့ ဆိုတော့ ခင်ဗျားတို့လုပ်နေတဲ့ မဂ္ဂင်ဟာ အမည်း,အဖြူ မရောတဲ့ကံပဲ (မှန်ပါ့) ဒီနေ့ည ဒါ ရှင်းသွားပြီနော် (မှန်ပါ့) သူကတော့ မရောဘူး (မရောပါဘုရား) အကုသိုလ်လဲ မပါဘူး၊ ဘုံဘဝလဲအကျိုမပေးဘူး၊ ဘုံဘဝအကျိုးပေးရင် ဒုက္ခသစ္စာ လာဦးမှာကိုးဗျာ့ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ **သူကတော့ဖြင့် နိဗ္ဗာန်သာအကျိုးပေးတဲ့** အတွက် အမည်း,အဖြူ မရောတဲ့ကံလို့ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အားထုတ်နေတဲ့ စေတနာသည် ဝိပဿနာဉာဏ်တွေဟာ အမည်း,အဖြူမရောလို့ အမည်း,အဖြူ မရောတဲ့အကျိုးပဲ ပေးတယ် . . . (မှန်ပါ့ဘုရား)။

အမည်းကိုလဲ သူအကျိုးမပေးဘူး၊ အဖြူ ဒုက္ခသစ္စာကိုလဲအကျိုးမပေးဘူး၊ သုခသစ္စာဖြစ်တဲ့နိဗ္ဗာန်ပဲ အကျိုးပေးတယ် . . . (မှန်ပါ့ဘုရား)။

**အသိခက်တဲ့တရားတော်**

ဒါဟာ အင်မတန်ကောင်းတဲ့ တရားလို့မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) အသိခက်တဲ့တရား . . (မှန်ပါ့ဘုရား)။

အဲဒီတော့ **ဒီအမည်း,အဖြူ မရောတဲ့ကံဆိုတာ ဝိပဿနာ မဂ်ဉာဏ်နဲ့ လောကုတ္တရာ မဂ်ဉာဏ်ပဲ ဆိုပါတယ် . . .** (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါပေမယ့် ဒီကံကအမည်းလဲ အကျိုးမပေးနိုင်ဘူး၊ အဖြူလဲ အကျိုးမပေးဘူး၊ အရောလဲအကျိုးမပေးဘူး။

ဘာကြောင့်တုံးလို့ မေးစရာရှိတဲ့ အခါကျတော့ သူက ကွာတဲ့. . . ကံဖြတ်တဲ့တရားတဲ့ ဒီဟာတစ်ချက် . . . (မှန်ပါ့)။

ကံဖြတ်တဲ့တရားတဲ့၊ အမည်းကံလဲ ဖြတ်တယ်၊ အဖြူကံလဲ . . . (ဖြတ်ပါတယ်) အမည်း,အဖြူရောတဲ့ကံကော (ဖြတ်ပါတယ်) အဲ . . . သူကတော့ ကံဖြတ်ကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်ဟာအလုပ်မှန်ပေါ့ . . . (မှန်ပါ့) အမည်းကံက အကျိုးပေးနေလဲ ခင်ဗျားတို့ မဆုံးတော့ဘူး၊ အဖြူကံက အကျိုးပေးရင်ကော . . . (မဆုံးပါ) မဆုံးတော့ဘူး။ လှည့်သွားမှာပဲ (မှန်ပါ့) အဖြူကံက အကျိုးပေးရင် နတ်ပြည်ရောက်တယ်၊ နတ်ပြည်ကျတော့ မိုက်တွင်းနက်ဦးမှာပဲ . . . (မှန်ပါ့)။

မိုက်တွင်းနက်ပြီး တစ်ခါအကျိုးတွေက ဆက်ပေးသွားမယ် (မှန်ပါ့) ဆိုတော့ ဆုံးနိုင်စရာမြင်သေးရဲ့လား (မမြင်ပါ) အမည်း အဖြူရောတဲ့ကံက တိရစ္ဆာန်ဆိုတော့ မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရနိုင်တဲ့ ဘဝမှမဟုတ်တော့ . . (မှန်ပါ့) ထင်ရာသွား၊ ထင်ရာစားနဲ့ပဲ အချိန်ကုန်သွားတော့ အောက်သာပြန်ဆက်မှာပဲ (မှန်ပါ့) သဘောပါသလား . . . (ပါ ပါပြီဘုရား)။

ဒါဖြင့် အမည်း၊ အဖြူမရောတဲ့ကံသည် ကံဖြတ်လို့ မှတ်လိုက် (မှန်ပါဘုရား)။

## ကံသုံးမျိုးကိုဖြတ်တယ်

အမည်းအံဖြူမရောတဲ့ကံသည် (ကံဖြတ်ပါတယ်ဘုရား) ဘယ်ကံကိုဖြတ်သတုံးဆိုတော့ ခုနင်က သုံးကံကိုဖြတ်တယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊

ခုနင်က သုံးကံကို (ဖြတ်ပါတယ်) ကိုင်း ဒါဟာ ဩော်. . . တို့လုပ်နေတဲ့အလုပ်ဟာဖြင့် ကံဖြတ်အလုပ်မှန်ပါ့ကလား ဆိုတာ ယနေ့ဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ့) နားလည်ပလား (မှန်ပါ့ ဘုရား)။

ယနေ့ တို့လုပ်နေတဲ့ အနိစ္စ လက္ခဏာတွေကို ကြည့်နေတဲ့ အလုပ်၊ ဒုက္ခလက္ခဏာတွေ ကြည့်နေတဲ့အလုပ် အနတ္တလက္ခဏာ

တွေကို ကြည့်နေတဲ့ အလုပ်ဟာ ဘာအလုပ်ပါလိမ့်တုံးလို့ ခင်ဗျားတို့မေးလို့ရှိရင် ကံဖြစ်တဲ့အလုပ်ပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီကြားမှာ စကားညှပ်ပြီး ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်၊ ခင်ဗျားတို့က ဘယ်တော့မျှား ကံကောင်းပါမတုံး တောင့်တနေတဲ့လူတွေ . . . (မှန်ပါ့) မတောင့်တ, ဘူးလား . . . (တောင့်တပါတယ် ဘုရား)။

ဘယ်တော့မျှား ဦးအောင်ဇံဝေတို့ နဂိုအစိုးရ အလုပ်လုပ်ခဲ့တုန်းက ရာထူးကြီးများ တက်ပါမတုံးဆိုတာ ကံကလေးမျှော်နေတာပဲ . . . (မှန်ပါ့)။

နောက်ပြီးတော့ ရွှေနေလုပ်တဲ့ ဦးဘသန်းကလဲ ဘယ်တော့မျှား အမှုတွေများ များများလာပါ့မတုံး ဘယ်လကျမှ အကျိုးပေးပါ့မတုံး . . . (မှန်ပါ့) ကံမျှော်နေကြတာ. . . (မှန်ပါ့)။

ဒီကံတွေကြောင့် ခင်ဗျားတို့ **ကမ္မံဝိပါကဿ**ဆိုတော့ ကမ္မံ ကံသည်၊ ဝိပါကဿ = အကျိုးပေးဝိပါက်အား၊ ကမ္မပစ္စယေန = ကမ္မပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော = ကျေးဇူးပြုသည်၊ ဟောတိ = ဖြစ်၏၊ ကမ္မပစ္စည်းပဲ (မှန်ပါ့ဘုရား)။

အဲဒီတော့ အကျိုးပေးကလဲ ဒုက္ခသစ္စာပဲ (မှန်ပါ့) အကျိုးပေးက ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ) အဲဒါ မျှော်နေတာ

. . . (မှန်ပါ့) ခင်ဗျားတို့ မိုက်တုန်းကပေါ့လေဗျာ . . . (မှန်ပါ့)။

ဘာမျှော်သတုံး . . . (အကျိုးပေးမျှော်ပါတယ်) ဒုက္ခသစ္စာ မျှော်နေတာ . . . (မှန်ပါ့ဘုရား)။

အကျိုးပေးမျှော်နေတာ နည်းနည်းကလေး ကြီးတဲ့အခါမှာ ဒုက္ခဝန်ကြီး ထမ်းရတာပေါ့ဗျာ (မှန်ပါ့) အမှုတွေများများ လိုက်ရ တဲ့အခါ အကုသိုလ်များများ ဖြစ်တာပေါ့ . . . (မှန်ပါ့)။

## ကံမျှော်နေတာ ဒုက္ခသစ္စာမျှော်တာ

ဒါကို ဦးဘသန်းတို့လူစုက အကျိုးပေးနေတယ်၊ ဝမ်းများ သာနေလိုက်သေးတယ် . . . (မှန်ပါ့) ရှုးတုန်းကပေါ့လေ (မှန်ပါ့) မသိခင်တုန်းက . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့မျှော်တဲ့ကံ ဟူသရွေ့ဟာက ဒုက္ခသစ္စာအကျိုးပေးတယ် . . . (မှန်ပါ့ဘုရား) တစ်သောင်းရှိတဲ့လူကလဲ တစ်သောင်းနဲ့ရင်းရရင် ကုန်တွေများမှာပဲဆိုရင် များတဲ့ဒုက္ခ ပိုလာတယ် . . . (မှန်ပါ့ဘုရား)။

စာရင်းစာအုပ်များများမှတ်ရတာလဲ ပိုလာတာပဲ . . (မှန်ပါ့) ကြွေးပေးရတာများများကော . . . (ပိုလာပါတယ်) ပိုလာတာပဲ လောဘကော အရင်ထက်သေးသွားသလား ကြီးလာသလား . . (ကြီးလာပါတယ် ဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ကြီးလာရင် ဒုက္ခသစ္စာကြီးရမယ် ဟင် . . . (မှန်ပါ့) သမုဒယသစ္စာကြီးလာရင် ဒုက္ခသစ္စာကြီးရမယ် . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ နဂိုက နားမလည်ခင်တုန်းကတော့ အကြီးကြိုက်ဖြစ်နေတယ်၊ ဒုက္ခကြီးကြိုက် . . . (မှန်ပါ့ဘုရား)။

ဥပမာမယ် လယ်ဧက နှစ်ထောင်လောက်ရှိတယ်၊ ဦးဘသန်းမှာဟုတ်လား . . . (မှန်ပါ့) သား၊ သမီး၊ မြေး၊ မြစ်တွေဝေခြမ်းပေးလိုက်တယ်၊ နောက်တော့ အစိုးရက သိမ်းလိုက်တယ်ဆိုရင် အံမာ . . . ဒုက္ခကြီးတွေ ပျောက်သွားလို့ ဖြစ်ရလေခြင်းကွာ အတော်စုထားတာ ဖြစ်ရလေခြင်းကွာတဲ့ . . . ဒီဒုက္ခတွေကိုလွှမ်းနေတာ . . (မှန်ပါ့)၊ မလွှမ်းဘူးလား . . . (လွှမ်းပါတယ်ဘုရား)။

အရင်တုန်းက လွှမ်းတယ်လေ၊ အခုတော့ မနိုင်ဝန်မို့ လျှော့လိုက်တာ . . . (မှန်ပါ့ဘုရား)။

မနိုင်ဝန်မို့ လျှော့လိုက်တာ ဦးဘသန်းတို့လူစုက . . . (မှန်ပါ့) အဲဒါ ဒုက္ခကြီးတွေ ကြိုက်နေတယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဟာတဲ့ အိုစာမင်းစာရယ်လို့ ရသရွှေကလေးနဲ့ မြေစို

ထားတာကွ . . . (မှန်ပါ) မြေတိုးထားတာ၊ ဟို. . . သူတစ်ပါးနဲ့ တရားဖြစ်ပြီး မြေတိုးထားတဲ့လူနဲ့ တယ်မထူးဘူး . . . (မှန်ပါ) အဲ . . . မြေတိုးထားတာပဲ . . . (မှန်ပါ)။

မြေတိုးအားကိုးနေတာကိုးဗျ . . . (မှန်ပါ) အဲဒီတော့ ဘာအားကိုးတာတုံးမေးတော့ ဒုက္ခကြီးအားကိုးနေတာ . . . (မှန်ပါ) ဒုက္ခအားကိုးနေတာ၊ မြေနည်းတာ မကြိုက်ကြပါဘူး၊ အင်း . . . ဒုက္ခနည်းရင် မကြိုက်ဘူး။

အိမ်မှာ ခင်ဗျားတို့ ကော်ဇောကြီးတစ်ချပ် ခင်းစရာရှိတယ်တဲ့၊ ဒီတစ်ချပ်မှ ခင်းစရာမရှိဘူးဆိုရင် ခင်ဗျားတို့မကြိုက်ဘူး . . . (မှန်ပါ) နှစ်ချပ်များ ပွဲထမ်းရလို့ရှိရင် အတော်ကျေနပ်တဲ့ လူတွေ မဟုတ်ဘူးလား . . . (မှန်ပါ)။

ဒါဖြင့် ဝန်လေးကြိုက်တာလား၊ ဝန်ကြီးကြိုက်တာလားလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ . . . (ဝန်ကြီး ကြိုက်ပါတယ်) ဝန်ကြီး ကြိုက်တာပေါ့ဗျ၊ မဟုတ်ဘူးလား . . . (မှန်ပါ)။

အိမ်မှာ ကလေးတွေများ ဟိုသွား၊ ဒီသွား၊ သွားကုန်လို့ ရှိရင် အဘိုး အဘွားတွေက ဦးဘသန်းကျေနပ်ကဲ့လား (မကျေနပ်ပါ) မကျေနပ်တာက ဒုက္ခကလေးတွေ ပျောက်သွားလို့ . . . (မှန်ပါ)။

## ဒုက္ခသစ္စာမသိရင် ကံကိုကြိုက်တယ်

ဒုက္ခနဲ့ခွဲလိုက်ရတာနဲ့ ဘာဖြစ်ကုန်သတုံး . . . (မကျေနပ်ပါ) ဒါကြောင့် ခင်ဗျားတို့ ဒုက္ခသစ္စာသိခဲတယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာမသိတဲ့ ပုဂ္ဂိုလ်မှန်ရင် ကံကိုကြိုက်တယ် (မှန်ပါ့) ဒါ မှတ်ထားပါ . . . (မှန်ပါ့)။

ဒုက္ခသစ္စာမသိတဲ့ ပုဂ္ဂိုလ်ဆိုရင် . . . (ကံကိုကြိုက်ပါတယ်) ကံကလဲ ဘာကိုအကျိုးပေးသတုံး . . . (ဒုက္ခသစ္စာ အကျိုးပေးပါတယ်ဘုရား)။

အဲ . . . သူမသိလို့ ကြိုက်တာ (မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာကြောင့် ကြိုက်နေတာ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာနဲ့ကြိုက်နေတာလဲ (အဝိဇ္ဇာနဲ့ကြိုက်နေတာပါ) အဝိဇ္ဇာ က ဖုံးထားလို့ တဏှာက ကြိုက်နေတာပါ (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက (ဖုံးထားလို့ပါ) ဘဏှာက (ကြိုက်ပါတယ်) တဏှာက ကြိုက်တယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဆရာကောင်း၊ သမားကောင်းနဲ့သာ မတွေ့မယ်ဆိုရင် ဒုက္ခတွေပျောက်သွားတာတောင် မျက်ရည်

ကျသေးတာလား . . . (မှန်ပါ့ ဒုက္ခပျောက်ရင် မျက်ရည် ကျပါတယ်ဘုရား)။

ဒီ ဒုက္ခကလေး ပျောက်သွားမှာစိုးလို့ ဆရာဝန်ရှာရတာတွေကိုတစ်ပုံကြီး (မှန်ပါ့) သားကလေး၊ မြေးကလေး မကျန်းမာမယ်ဆိုလို့ရှိရင် ဒီဒုက္ခကြီး ပျောက်သွားမှာစိုးတာနဲ့ကို မနည်းငွေကုန်ခံပြီး ဒီဒုက္ခကလေးကို မရရအောင် ဆွဲယူရတာ ဒုက္ခကြိုက်သလား၊ မကြိုက်ဘူးလားဆိုတာကော (ကြိုက်ပါတယ်ဘုရား) ထင်ရှားနေတယ်။

အဲဒီတော့ သစ္စာမသိတုန်းကတော့ ဒီလိုဖြစ်နေတာပဲ (မှန်ပါ့ဘုရား) ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါလဲသစ္စာ မသိတုန်းက ဒါကြိုက်တာပဲကွတဲ့ - (မှန်ပါ့) သစ္စာသိမှ ဒါတွေလွှတ်ပေတော့တယ်တဲ့ (မှန်ပါ့) ဆိုတော့ ဦးဘသန်း မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ် ဘုရား) ဟောထိုက်တယ်နော် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့လုပ်နေတဲ့ကံကတော့ ဘာကံခေါ်မလဲ (ကံဖြတ်တရားပါဘုရား) ကံဖြတ်တရား . . . (မှန်ပါ့) ကျယ်ကျယ်ပြောရင် အမည်း၊ အဖြူမရောတဲ့ကံ . . . (မှန်ပါ့)။

ကျယ်ကျယ်ပြောရင်တော့ (အမည်း၊ အဖြူမရောတဲ့ကံပါ) ကျဉ်းကျဉ်းပြောလိုက်တော့ . . . (ကံဖြတ်တရားပါဘုရား)။

ဘယ်ကံတွေ ဖြတ်သတုံးမေးတော့ ဘယ့်နှယ်ပြောမလဲ ၁၊၂၊၃၊ ဖြတ်တယ် . . . (အမည်းရော၊ အဖြူရော၊ အမည်း၊ အဖြူ ရောတာပါဘုရား)။

ဒါတွေ အကုန်ဖြတ်ချလိုက်တယ် . . . (မှန်ပါ့) အဲဒီကျ တော့မှ ဒုက္ခလွတ်သွားတယ် . . . (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့လုပ်နေတဲ့အလုပ်ကို သံသယမရှိ ဘဲနဲ့ ဩော် ဒီအလုပ်မှ ကံဖြတ်အလုပ် ဖြစ်နေသောကြောင့် ဒုက္ခသစ္စာ အကျိုးပေးတွေတော့ဖြင့် ငါတို့အိုးစာကွဲတော့မှာပဲ ကျွတ်ရပေတော့မယ်၊ လွတ်ရပေတော့မယ်ဆိုရင် ခင်ဗျားတို့ ဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ပါ . . . (မှန်ပါ့ဘုရား)။

ဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ပါတဲ့၊ ဒါကြောင့် ဒီဝတ္ထုထုတ် လာတာပဲ . . . (မှန်ပါ့) ဒီအကြောင်း ပေါ်လာတာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အင်္ဂုလိမာလသူခိုးကြီး

ကိုင်း-ဒါဖြင့် ကံဖြတ်တဲ့အလုပ် ယနေ့စတွေ့ပြီ (မှန်ပါ့) ဩော် . . . ဝိပဿနာအလုပ်ဟာ ကံဖြတ်အလုပ်ပါကလား လောကုတ္တရာမဂ်ဆိုက်သွားရင်လဲ ကံဖြတ်အလုပ်ပါကလား (မှန်ပါ့) ဆိုတော့ စဉ်းစားကြည့်ပါတဲ့၊ အင်္ဂုလိမာလသူခိုးကြီး ဟာ

လူပေါ်င်းထောင်သောင်း သတ်ပစ်တာပဲ . . . (မှန်ပါ့)။ မဂ်အား ထုတ်လိုက်တာ ဦးအောင်ဇံဝေ ဟိုဟာတွေ အကျိုးပေးရဲ့လား . . . (မပေးပါဘုရား)။

ကံကို သူက ဖြတ်ချလိုက်တာ . . . (မှန်ပါ့) သူက ဖြတ်ပစ်လိုက်တယ် မဂ်အလုပ် လုပ်တာနဲ့ ဟိုကံတွေ ပြတ်ထွက်သွားတယ် (မှန်ပါ့ဘုရား)။

**မုဆိုးကြီးမိသားစု**

မုဆိုးကြီး သားခုနစ်ယောက် ချွေးမခုနစ်ယောက်နဲ့ တစ်သက်လုံး မုဆိုးလုပ်နေတာကို ဘုရားသွားပြီး သစ္စာတရားဟောလို့ ကျွတ်တမ်းဝင်တာလဲ ဟို . . . သူတစ်သက်လုံး လုပ်လာတဲ့ အကုသိုလ်တွေ အကျိုးပေးသေးရဲ့လား . . (မပေးပါဘုရား) ဒါဘာတုံး . . (ကံပြတ်ပါတယ် ဘုရား)ကံဖြတ်တရား။

ငါ ရှင်းရှင်းပြောမယ်ကွာ . . တဲ့၊ ငါ စေသန္တရာမင်း လက်ထက်က လျှုလာတဲ့ကံတွေက အကျိုးပေးမယ်ဆို ငါ ဘုရားတောင်မဖြစ်နိုင်ဘူးတဲ့ . . . (မှန်ပါ့)။

အဲဒါတွေကိုလဲ သူ့မဂ်ကဖြတ်ပစ်ရတယ် (မှန်ပါ့ဘုရား) နို့မဟုတ်ရင် အကျိုးပေး ဆုံးနိုင်ပါ့မလား . . (မဆုံးနိုင်ပါ) အဲဒီမှာ လျှုထားတာ နည်းတဲ့ကုသိုလ်လား . . . (မနည်းပါ)။

အဲဒါတွေ မဖြတ်ဘူးဆိုလို့ရှိရင်လဲ ဘုရားဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတော့ ဪ. . . ဘုရားဖြစ်တာ ကံဖြတ်အလုပ် လုပ်လို့ပါကလား . . . (မှန်ပါ့) ပေါ်ပလား . . (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် သူကိုယ်တိုင် ဘုရားဖြစ်လာတော့ ကုသိုလ် အကုသိုလ်ကို ငါစွန့်လိုက်ပြီကွတဲ့ . . . (မှန်ပါ့) မလာဘူးလား . . (လာပါတယ် ဘုရား)။

ကုသိုလ် အကုသိုလ်ကို ငါစွန့်လိုက်လို့ ဘုရားဖြစ်လာတယ် ဆိုတော့ ကံဖြတ်တယ်ဆိုတာ သေချာသွားပလား . . (သေချာပါပြီ) ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် မောင်ထွန်းအောင်တို့ မင်းတို့ကို ငါအားထုတ်ခိုင်းတာ ဘာပါလိမ့် (ကံပြတ်တရားပါဘုရား ကံပြတ်အလုပ်ခိုင်းတာ . . . (မှန်ပါ့ဘုရား) မတော်အကျိုးပေးကုန်မှာစိုးလို့ (မှန်ပါ့ဘုရား)။

## ကြိုက်ကြိုက် မကြိုက်ကြိုက်လုပ်ပါ။

ဒုက္ခသစ္စာတွေ ဖြိုင်ဖြိုင်ကြီးလာနေမှာစိုးလို့ ဒါ ခင်ဗျားတို့ ကကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဒီအလုပ်လုပ်သာ လုပ်တော့ . . . (မှန်ပါ့)။

မကြိုက်လဲလုပ်၊ မကြိုက်တာကို ဘယ့်နှယ်ကြောင့် တပည့်တော်တို့ အလုပ်ခိုင်းသတုံးဆိုတော့ အို မသိလို့ မကြိုက်တဲ့ လူမို့ သိတဲ့လူကပြင်ပေးတာ ဖိလုပ် (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (မှန်ပါ့)။

ခင်ဗျားတို့က ဘယ့်နှယ့်ဖြစ်နေကြသတုံးဆိုတော့ ကျုပ် ပြောပြမယ်၊ ကလေးလေး၊ လေးဘက်သွားကလေး တုတ်ချောင်း ကလေးတွေ ကောက်ကောက်မျိုတာနဲ့တူနေတယ်၊ အမေအဖေ ကတော့ သနားလို့ ဆွဲထုတ်ရတယ်၊ ငိုချင်ငို ဆွဲထုတ်ရတယ်၊ မထုတ်ရဘူးလား၊ (ထုတ်ရပါတယ် ဘုရား) ဘာဖြစ်လို့တုံး (သနားလို့ ထုတ်ရပါတယ် ဘုရား) နို့မဟုတ်ရင်သေမယ် သူ မသေပေဘူးလား . . . (သေပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က ကလေးတွေလိုဖြစ်နေလို့ ကြိုက် ကြိုက်မကြိုက်ကြိုက် ဒီအလုပ်လုပ် သဘောပါပလား (ပါပါပြီ ဘုရား) ခင်ဗျားတို့က ကြိုက်နေလဲ သနားလို့ ဆွဲထုတ်ရမှာပဲ (မှန်ပါ့ ခိုင်းရမှာပါပဲ ဘုရား) ခိုင်းရမှာပဲ၊ မခိုင်းရင် ဖြစ်ကို မဖြစ်နိုင်ဘူး ခင်ဗျားတို့က ကလေးဖြစ်နေတာကိုး (မှန်ပါ့ဘုရား)။

ကမ္ဘသကတဉာဏ် ကြိုက်နေတယ် . . . (မှန်ပါ့) မကြိုက်ဘူးလား (ကြိုက်ပါတယ်) ကြိုက်လို့ရှိရင် ဒါဟာ တုတ်ချောင်းမျိုတာပဲ (မှန်ပါ့) လေးဘက်သွားကလေး

တုတ်ချောင်းမျိုးနေတာ ဆွဲမထုတ်လို့ရှိရင် တော်ပါ့မလား (မတော်ပါဘုရား)။

ခင်ဗျားတို့ ငိုငို၊ မငိုငို အမေမိဘနဲ့တူတဲ့ ဆရာသမားက ဆွဲထုတ်ရမယ် (မှန်ပါ့) မထုတ်ရင်တော်ပါ့မလား (မတော်ပါဘုရား) ပေါ်ပလား . . . (မှန်ပါ့)။

ဩော် . . တို့ဟာ အတော်ဖျင်းတဲ့ လူတွေပါကလားဆိုတာကော ဦးဘသန်းကိုယ့်ဟာကိုယ် ရိပ်မိပလား (ရိပ်မိပါပြီ)။

တကယ်ဖျင်းတာ (မှန်ပါ့ဘုရား) သာမညဖျင်းတာလား လေးဘက်သွားကလေးလောက် အခြေအနေရှိတာလားဆိုတာသာ အကဲခတ်ကြည့် (လေးဘက်သွားကလေးလောက် အခြေအနေ ရှိပါတယ်ဘုရား) ဒါလောက်အခြေအနေ ရှိတယ်ဆိုပါတော့ (မှန်ပါ့) ကဲ ပေါ်သွားပြီ။

ဒါ့ကြောင့် ဒီဥစ္စာ ဦးဘသန်းတို့ ခင်ဗျားတို့ရှာပြီးတော့ ဒီဆရာသမားနဲ့တွေ့အောင် လိုက်လာတာ ဦးအောင်ဇံဝေတို့ လိုက်လာတာ ဩော် . . . တော်သေးရဲ့လို့ ဘုန်းကြီးကလဲ ဝမ်းသာတယ် . . . (မှန်ပါ့) နို့မဟုတ်ရင် ခင်ဗျားတို့ မိဘရိုးရာနဲ့ ပြောသံကြားနဲ့ လမ်းဆုံးပြီးနေမည့်လူတွေကိုးဗျ . . . (မှန်ပါ့) မဆုံးပေဘူးလား (မှန်ပါ့)။

## ကမ္ဘဋ္ဌာန်းမှားတွေ

အကယ်၍တွေ့ပြန်တော့လဲ ဘာလုပ်ရမှန်း မသိပြန် ဘူး (မှန်ပါ့) လုပ်ပြန်တော့လဲ မမှန်မှာလဲ စိုးရသေးတယ် (မှန်ပါ့ ဘုရား) မစိုးရဘူးလား . . . (စိုးရပါတယ် ဘုရား)။

ကမ္ဘဋ္ဌာန်းမှားတွေနဲ့ တွေ့သွားပြန်လဲ သွားပြန်ပြီ . . . (မှန်ပါ့) ရှုပယ် ရှုက်ပယ် မဟုတ်ဘူးလား . . . (မှန်ပါ့)။

ဒီလိုကလဲဖြစ်နိုင်တယ်၊ ပင်ပန်းသလောက် ခရီးမရောက် တာတွေကော ရှိသေးတယ် (ရှိပါတယ်ဘုရား)။ အဲဒါတွေကလဲ မကောင်းဘူးနော် (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ အလိုကကံမျှော်နေတဲ့လူတွေ ဘုရားကလဲ ဒီကံမျှော်တဲ့လူကိုသိပ်ကြောက်တယ်၊ ကုသိုလ် အကုသိုလ်တွေ စွန့်လိုက်လို့ ဘုရားဖြစ်လာတာ (မှန်ပါ့ဘုရား) ကုသိုလ် အကုသိုလ် ဖြတ်ပစ်လိုက်လို့ ဘုရားဖြစ်လာတာ . . . (မှန်ပါ့)။

မဂ်နဲ့သာ မဖြတ်သေးဘူးဆိုလို့ရှိရင် သူတို့က ဆက်အကျိုး ပေးနေမှာ . . . (မှန်ပါ့) အကျိုးပေးနေလို့ရှိရင် လူ့ဘဝ၊ နတ်ဘဝ အပါယ်ဘဝ စုံမနေပေဘူးလား . . . (စုံနေပါတယ် ဘုရား)။

စုံနေလို့ရှိရင် ဇာတိ၊ ဇရာ၊ မရဏတွေဟာ အကုန်ပါပြီး သားဖြစ်နေမှာပေါ့ . . . (မှန်ပါ့) မဖြစ်စရာရှိသေးရဲ့လား . .

(မရှိပါ) ဟိုဘက် ဇာတိမီးက ဆက်လှည့်မနေပေဘူးလား (နေပါတယ်ဘုရား)။

အဲ. . . ဇာတိပြီး ဇရာ၊ ဇရာပြီး မရဏမီးပြန်လှည့်မှာပဲ၊ မလှည့်ဘူးလား (လှည့်ပါတယ်) မဆုံးနိုင်ဘူး အဝိုင်းကြီးပေါ့ဗျာ . . . (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးသကာလ နေမှာစိုးတဲ့အတွက် ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်ဟာ ဘုရားကအကဏ္ဍအသုက္ကကံကွ . . . တဲ့ (မှန်ပါ့) မမည်းလဲ မမည်းဘူးကွတဲ့၊ မည်းရင်လဲ အကုသိုလ်ဘက် လှည့်သွားဦးမှာပဲ . . . (မှန်ပါ့) ဖြူလဲမဖြူဘူးကွ . . . တဲ့၊ ဖြူပြန်လဲ ကမ္ဘသကတဘက်လှည့်မှာစိုးလို့ . . . (မှန်ပါ့)။

တတိယကံကတော့ သူတို့နှစ်ခု ပေါင်းတာဆိုတော့ မထူးတော့ဘူး . . . (မှန်ပါ့)၊ ထူးသေးရဲ့လား . . . (မထူးပါဘူးဘုရား)။

အဲ. . . အမည်း၊ အဖြူမရောတဲ့ကံကဖြင့် ခင်ဗျားတို့ မဂ်ဆိုက်အောင်လုပ်တဲ့ အလုပ်ပဲရှိတယ်. . . သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့် အမည်း၊ အဖြူ မရောတဲ့ကံမှ မလုပ်တဲ့ပုဂ္ဂိုလ်ဖြင့်၊ ဟိုသုံးကံနဲ့လှည့်နေမှာပဲ (မှန်ပါ့) သဘောပါပလား (ပါပါပြီ) ဒါဖြင့် ကိုယ့်အလုပ်ကိုယ် စိတ်ချပလား . . . (စိတ်ချပါပြီဘုရား)။

စိတ်ချတော့ ဩော် အမည်း၊ အဖြူရောတဲ့ကံလို့ ဘုရားက ဟောပြီ သေနိယတို့ ပုဏ္ဏတို့ကို ဟောတယ်ဆိုတဲ့ဥစ္စာ သေချာ ပလား . . . (သေချာပါပြီဘုရား)။

သေချာတော့ ခင်ဗျားတို့သည် ဩော်. . . ဒီနေ့ သေချာပြီ ဟော့၊ ငါတို့လုပ်နေတဲ့ဥစ္စာ ကံကောင်းဖို့လုပ်တာ မဟုတ်ဘူး၊ ကံ ဖြတ်နေတာဟော့. . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ဘာလုပ်နေတာတုံး . . (ကံဖြတ်တဲ့အလုပ် လုပ်နေတာပါ) ကံဖြတ်နေတာ၊ မဂ်က ဖြတ်နေကျကိုးဗျ . . . (မှန်ပါ့) သမုဒယ သစ္စာလဲသူဖြတ်တယ်၊ တဏှာအရင်ဖြတ်လိုက်တော့ ဥပါဒါန်တို့ ကံတို့ကကော . . . (ပြတ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ကြည့်လိုက်ပြန်လဲ ပြတ်နေတာပဲ . . . (မှန်ပါ့)။

အကုသိုလ်ကံလဲပြတ်တယ်၊ ကုသိုလ်ကံတွေကော . . . (ပြတ်ပါတယ်ဘုရား) ပြတ်ပါတယ်ဆိုတော့ ဒါကံဖြတ်ဆိုတဲ့ ဥစ္စာ ဩော် . . . ဝိပဿနာမဂ်ဉာဏ် ပါကလား ဝိပဿနာမဂ်တို့ လောကုတ္တရာမဂ်တို့မှ တစ်ပါးငါတို့ကို နိရောဓသစ္စာကျေးဇူးပြုတဲ့ တရားမရှိပါကလား၊ သူတို့ရမှသာအေးမှာ ပါကလားဆိုပြီး ခင်ဗျားတို့ ကြိုးကြိုးစားစားလုပ်ရမယ်. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## သေနိယ ရဟန်းခံပြီ

ဒီနေ့သေနိယတို့ကို သိမ်းလိုက်ပါပြီ နောက်ဆုံးပိတ်တစ်နေ့ကျတော့ သူတို့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကံပြတ်တရားကို ဟောလိုက်တဲ့အတွက် သေနိယက အရှင်ဘုရား. . . တဲ့၊ သာသနာဘောင်ဝင်ပါရစေ၊ သာသနာဘောင်ဝင်ပါရစေပြောတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရားသာသနာတော်မှာ တိတ္ထိဘက်က ကူးလာလို့ရှိရင် လေးလပရိဝါသ် နေရဦးမယ်လို့ပြောတယ် . . . (မှန်ပါ့ဘုရား) ဒါက ဒဏ်ပေးတာ (မှန်ပါ့)။

ဟာ တပည့်တော် လေးနှစ်နေရ နေရ ကိစ္စမရှိဘူးတဲ့ . . . (မှန်ပါ့)။

သူကလဲစိတ်အားထက်သန်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ လေးနှစ်နေရလဲ ကိစ္စမရှိပါဘူးဆိုတော့ သို့သော် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ကြည့်ပါတယ်ကွာ. . . တဲ့၊ လေးလနေထိုက်တဲ့ပုဂ္ဂိုလ်လဲရှိပါတယ်၊ လေးလမနေထိုက်တဲ့ ပုဂ္ဂိုလ်လဲရှိပါတယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကပဲ ပရိဝါသ်တောင်မပေးဘူး၊ သူ့ကို ခေါင်းရိတ် ရေချိုးပြီးတော့ ရဟန်းခံပေးလိုက်ကွလို့ ပြောတာပဲ . . . (မှန်ပါ့)။

ရဟန်းခံပေးလိုက်တဲ့အခါကျတော့ သူနဂိုက တိတ္ထိတို့ အယူယူပြီးသကာလ ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ် သေနိယဟာ ။ ခွေးလိုကျင့်တာဖြစ်နေတော့ ဒီအယူကို တစ်ခါတည်း စွန့်တဲ့ပြီး သကာလ သမ္မာဒိဋ္ဌိဘက် ပြောင်းယူပါတယ်၊ သမ္မာဒိဋ္ဌိတရားကိုပဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ် . . . (မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့ သူကျွတ်တမ်းဝင်တဲ့ တရားကို ယနေ့ နာရမယ်. . . (မှန်ပါ့ဘုရား)။

## သမ္မာဒိဋ္ဌိဆိုတာ

ကဲ - ဒါဖြင့် သမ္မာဒိဋ္ဌိ ပြောကြစို့၊ သူ သမ္မာဒိဋ္ဌိဘက် ပြောင်းလိုက်ပြီ . . . တဲ့၊ မိစ္ဆာဒိဋ္ဌိအယူကြီး စွန့်လိုက်ပြီ။ သမ္မာက = မှန်ကန်တာ၊ ဒိဋ္ဌိက . . . ယူတာ၊ မှန်ကန်တဲ့အယူကို ယူပြီဆိုတာ သမ္မာဒိဋ္ဌိအယူမှတ်ပါ . . . (မှန်ပါ့)။

သမ္မာက = မှန်ကန်တာ၊ ဒိဋ္ဌိက အယူ . . . (မှန်ပါ့) ပေါင်းလိုက်တဲ့အခါကျတော့ . . . (မှန်ကန်သောအယူပါဘုရား) အဲ . . . မှန်ကန်သောအယူ၊ မှန်ကန်သောအမြင်လို့ ထည့်လိုက်ပါဦး။

ဒိဋ္ဌိပုဒ်ကို တချို့နေရာကျတော့ ဘုရားက အမြင်ဟူသော အနက်ကိုဟောတယ် . . . (မှန်ပါ့ဘုရား) ဒိဋ္ဌိလဲ ပညာပဲကိုး၊

ပညာဖြစ်နေတော့ ဪ . . သူ့အမြင်ကိုလဲ ယူနိုင်တဲ့အတွက် မှန်ကန်တဲ့အမြင် ရသွားတယ် . . . (မှန်ပါ့)။

မှန်ကန်တဲ့အမြင်ရသွားတော့ ကိုင်း. . . မင်းတို့နားထောင်ကြ ဆိုပြီးသကာလ သူတို့ကျွတ်တမ်းဝင်တဲ့ တရားဆိုတော့ မင်းတို့ ခန္ဓာဘယ်နှစ်ပါးရှိသတုံးဆိုတာက စ,မေးရမယ်နော် . . . (မှန်ပါ့ဘုရား)။

## ကျွတ်တမ်းဝင်တဲ့တရားတော်

နောက်ပြီးတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှေ့ကကြောင်းပြီး သကာလ ခန္ဓာငါးပါးရှိတယ်ဟော့၊ ခန္ဓာငါးပါးကို ဒကာဒကာမတွေကသိပြီးသား၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတာ သိပြီးသားဖြစ်နေတော့ ခန္ဓာငါးပါးကိုသတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်ပါဦး၊ သတိပဋ္ဌာန်နဲ့ ချုံးလိုက်ပါဦးဆိုတော့ သတိပဋ္ဌာန်က လေးပါးရှိတယ်၊ ခန္ဓာကငါးပါးဖြစ်နေတယ်။

ဒါဖြင့် ဒီလိုလုပ်ပေတော့ ရုပ်ကို ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ဦးအောင်ဇံဝေက မှတ်လိုက်တာပေါ့ . . . (မှန်ပါ့) ဝေဒနာကို ဝေဒနာနုပဿနာလို့ မှတ်လိုက်တာပေါ့ . . (စိတ်ကို စိတ္တာနုပဿနာ မှတ်လိုက်တာပေါ့၊ ကျန်တဲ့ခန္ဓာနှစ်ပါးကို ဓမ္မာနုပဿနာ လုပ်ပစ်လိုက်တယ်. . . (မှန်ပါ့ဘုရား)။

## သတိပဋ္ဌာန်လေးပါးချုံးလိုက်ရင်ဖြစ်မှုနဲ့ပျက်မှု

သညာ သင်္ခါရတို့ကို ရုပ်ကြွင်းတွေကို ဦးဘာသန်းနော် ဓမ္မာ နုပဿနာ လုပ်ပစ်လိုက်တော့ ခန္ဓာငါးပါးကို သတိပဋ္ဌာန်ထဲ သွင်းလိုက်တဲ့အခါ လေးပါးဖြစ်တယ် . . . (မှန်ပါ့)။

တစ်ခါဒီလေးပါးတောင်မှ ခင်ဗျားတို့ကို ဘုန်းကြီးက အလုပ်သင်တရား ဖြစ်နေတဲ့အတွက် လေးပါးဟာ ဘာတုံး ဆိုတော့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုပြီး လေးပါးရှိတယ်။

လေးပါးကို တစ်ခါချုံးလိုက်တဲ့အခါကျတော့ကိုတဲ့ ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

လေးပါးချုံးလိုက်တော့ ဦးဘာသန်း ဘာတွေ့တော့လဲ . . . (ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ်) ဖြစ်မှုနဲ့ပျက်မှုပဲရှိတယ် . . . (မှန်ပါ့)။

အဲဒီတော့ ဖြစ်မှုနဲ့ပျက်မှုတွေရှိနေတော့ ဩော် . . ဒီလေး ပါးဟာ ဓမ္မာအားဖြင့်သာ ပြားနေတာပဲ၊ အခေါ်အဝေါ်အမည် ပညတ်အားဖြင့်သာ ပြားနေတာပဲ၊ ငါတို့ဝိပဿနာဉာဏ်ထဲ သွင်း လိုက်တော့ဖြင့် လေးပါးမတွေ့ပါဘူး၊ အဖြစ်အပျက်ပဲ တွေ့တယ် ဆိုတာ ဉာဏ်နဲ့အောက်မေ့ထားပါ . . . (မှန်ပါ့)။

## ဖြစ်ပျက်တွေ့ပါစေ

လေးပါးဟာ သရုပ်အားဖြင့်လေးပါး၊ ဉာဏ်တွေ့အားဖြင့် တစ်ပါးပဲရှိတယ်၊ ဖြစ်ပျက်ပဲတွေ့တယ်. . (မှန်ပါ့ဘုရား)။

ရုပ်ကြည့်တော့လဲ ရုပ်မတွေ့စေနဲ့ ဖြစ်ပျက် တွေ့ပေစေ၊ ဝေဒနာကြည့်ပြန်တော့လဲ ဝေဒနာမတွေ့ပေစေနဲ့၊ ဖြစ်ပျက် တွေ့ပေစေဆိုတော့ ဒီနေ့ ဦးအောင်ဖဲဝေတရားဟာ ဝေဒနာမတွေ့ဘဲ နဲ့ ဖြစ်ပျက်တွေ့သွားပြီဆိုတော့ ဒါ အမှန်ဆိုက်သွားတာလို့ မှတ်လိုက် . . . (မှန်ပါ့) သမ္မာဒိဋ္ဌိဖြစ်သွားပြီ။

ဝေဒနာတွေ့တော့ သမ္မာဒိဋ္ဌိက နာမပရိစ္ဆေဒဉာဏ်လို့ မှတ်လိုက်စမ်း ဦးဘသန်းကနော် . . . (မှန်ပါ့) ဖြစ်ပျက်တွေ့တဲ့ ဉာဏ်က ဥဒယဗ္ဗယဉာဏ်ဆိုတော့လဲ ဉာဏ်ထိုးတက်သွားတာလို့ မှတ်လိုက်ပါ။

နာမရူပ ပရိစ္ဆေဒဉာဏ်က အောက်တန်းဉာဏ်ကနေပြီး သကာလ တစ်ခါတည်းဥဒယဗ္ဗယဉာဏ် ထိုးတက်လိုက်တာလို့ ယနေ့ ဦးအောင်ဖဲဝေ ဘာဖြစ်တဲ့နေ့တုံး ဆိုလို့ရှိရင် ဉာဏ်ထိုး တက်တဲ့နေ့လို့ မှတ်လိုက် . . . (မှန်ပါ့ဘုရား)။

အရင်တော့ ဝေဒနာတွင်တွေ့နေတော့ နာမပရိစ္ဆေဒ ဉာဏ် ဖြစ်နေတယ် နာမ်ကိုသိတဲ့ဉာဏ် . . . (မှန်ပါ့ဘုရား)။

ယနေ့တော့ဖြင့် ဝေဒနာတွေကျော်ပြီး ဖြစ်ပျက်တွေပဲ

တွေ့ တော့တယ်လို့ဆိုပြီး သမ္မသန၊ ဥဒယဗ္ဗယ တက်ပစ်လိုက်တယ်၊ ဦးဘသန်းကျေနပ်ပလား . . (ကျေနပ်ပါပြီဘုရား)။

ဝေဒနာတွေ့နေရင် နာမပရိစ္ဆေဒဉာဏ်နော်. . . (မှန်ပါ့) သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိပဲ သို့သော် အောက် သမ္မာဒိဋ္ဌိ. . . (မှန်ပါ့) ဝေဒနာတွေ အခုမရှိတော့ဘူးဘုရား၊ သူ့နေရာတွင် ပြန်ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှုနဲ့ပျက်မှုပဲ တွေ့တယ်ဆိုသဖြင့် သမ္မသန ဥဒယဗ္ဗယ တက်သွားတာလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား)။

## ဉာဏ်ကို ဆရာကစဉ်မပေးရဘူး

ဒါကိုဉာဏ်ကို ဆရာကစဉ်မပေးရဘူး၊ အလုပ်သမားက သူ့ဟာသူ စဉ်တက်လာလိမ့်မယ် . . . (မှန်ပါ့) ဆရာက ဉာဏ်စဉ်ပေးလို့ရှိရင် ခင်ဗျားတို့သံယောင်လိုက်ပြီး သကာလ ပြောင်းလာတော့ အလကားမရောက်ဘဲနဲ့ အရောက်ထင်နေတယ် . . (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဩော် . . အမြင်ကို ပြောလာတော့မှ ဆရာကဆုံးဖြတ်ချက်ချပေးရမယ် . . . (မှန်ပါ့) ရှေ့က စကားသန်းပြီး ဉာဏ်စဉ်မပြောရဘူး . . . (မှန်ပါ့ဘုရား)။

အခုတော့ ဒီနေ့ရှင်းသွားပြီနော် . . (ရှင်းပါပြီ) ဩော်

ကျုပ် တို့အရင်တော့ နာမပရိစ္ဆေဒဉာဏ်နဲ့နေတာ စိတ်သိတာလဲ နာမ်ပဲ၊ ဝေဒနာသိတာလဲ နာမ်ပဲ၊ အခုတော့ဖြင့် ဒါတွေ အကုန်ကျွတ် ကုန်ပြီးသကာလ ဖြစ်မှုပျက်မှုပဲ တွေ့တော့တယ် ဆိုသဖြင့် သမ္မသနဉာဏ်ရင့်ကျက်လို့ ဥဒယဗ္ဗယဉာဏ် ရောက် သွားပြီ . . . (မှန်ပါ့ဘုရား)။

**ပီတိ၏တန်ခိုး**

အဲဒီတော့ ဘုန်းကြီးသိချင်တာက ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ ပေါ့သွားလိမ့်မယ် ခန္ဓာကိုယ်မှာ . . . (မှန်ပါ့) ခန္ဓာကိုယ် ပေါ့သွားလို့ရှိရင်ဖြင့် ပီတိတို့၏ တန်ခိုးလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား)။

ပီတိတို့၏တန်ခိုးလို့ မှတ်လိုက်ပါ၊ ပီတိဟာ ကြီးကျယ်ခမ်း နားလာလို့ရှိရင် ကောင်းကင်တောင် ပျံနိုင်တဲ့သဘောရှိတယ်နော် . . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် သေနိယတို့ကို ဒီလိုချုံးချုံးပြီး ပြသွား လိုက်တာ နောက်ကျတော့ မင်းဖြစ်ပျက်ရှုလို့ပဲ ဟောလိုက် တယ်နော်. . . (မှန်ပါ့) သဘောပါကြပလား . . . (ပါပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့်ဖြစ်ပျက်ရှုဆိုတော့ တပည့်တော်သည် ကားလို့ဆိုရင် ရဟန်းလဲဖြစ်ပါပြီ၊ ဒီဖြစ်ပျက်ပဲ တပည့်တော်တို့ရှု ပါတော့မယ်ဆိုပြီး သကာလ ဖြစ်ပျက်ရှုတာပါပဲ။

## ဘယ်ဖြစ်ပျက် ရှုရမှာတုံး

ဖြစ်ပျက်ရှုတဲ့အခါကျတော့ **ဘာဖြစ်ပျက်တုံးမေးတဲ့အခါ** ကျတော့ မေးမနေကြပါနဲ့ ရုပ်ကြည့်ပြန်လဲ ဖြစ်ပျက်တွေ့ရမှာပဲ ဝေဒနာကြည့်ပြန်လဲ ဖြစ်ပျက်သွားတွေ့ရမှာပဲ သညာကြည့်ပြန်လဲ ဖြစ်ပျက်တွေ့ရမှာပဲတဲ့၊ စိတ်ကြည့်ပြန်ကော . . . (ဖြစ်ပျက်ပဲ တွေ့ရပါမယ်) တကယ်တွေ့မှာကတော့ ဒါပဲ ဉာဏ်တွေကကော ဒါပဲရှိတယ် . . . (မှန်ပါ့ဘုရား)။

အဲဒီဖြစ်ပျက်တွေ သူရှုပြီးသကာလလာတာနဲ့ သူဖြစ်ပျက် တွေကိုမြင်ပြီး၊ ဩော် **. . . ခန္ဓာကိုယ်ထဲမှာ ဘာမှ အနှစ်သာရ မရှိပါကလား၊ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ** လက္ခဏာမှတစ်ပါး ဘာမှမရှိဘူးဆိုတာကို သူမြင်လာတယ်လို့ မှတ်ရမယ်နော် . . . (မှန်ပါ့ဘုရား)။

## သစ္စာဘယ်လိုထင်လာသတုံး

နောက်ကျတော့ သေနိယဉာဏ်ရင့်သွားတော့ သူဘယ်လို ဖြစ်လာသတုံးဆိုတော့ ဖြစ်ပျက်တွေမုန်းပြီးသကာလ နောက်ကို သူသစ္စာထင်လာတယ်လို့ မှတ်ရမယ်နော် . . . (မှန်ပါ့)။

သစ္စာဘယ်လိုထင်လာသတုံးဆိုတော့ ခင်ဗျားတို့ ရှုနေတဲ့ ရုပ်ဟာလဲ ဒုက္ခသစ္စာပဲ၊ ဝေဒနာလဲ ဒုက္ခသစ္စာပဲ၊ သညာလဲ ဒုက္ခသစ္စာပဲ၊ သင်္ခါရလဲဒုက္ခသစ္စာပဲ၊ လောကီစိတ်တွေဟာလဲ ဒုက္ခသစ္စာပဲဆိုတာ ဦးဘသန်းမှတ်ထားလိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

## ဘုရားဘယ်နေရာမှာဟောသတုံး

အဲဒီတော့ ဒါ ဘုရားဘယ်နေရာမှာဟောပါလိမ့်မတုံး-ဆို တော့ “သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ”ဆိုတဲ့ ဓမ္မစကြာမှာ ဟောတယ် (မှန်ပါ့) ခန္ဓာငါးပါးလုံးဟာ ဒုက္ခသစ္စာပဲ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးစလုံးဟာ . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခ သစ္စာပဲဟာ-သုခလို့ပြောတာလဲ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဒုက္ခလမ်းဆုံးတာပဲ-(မှန်ပါ့) သဘောကျပလား- (ကျပါပြီဘုရား)။

သုခဆိုတာလဲ သုခဟုတ်ကဲ့လား- (မဟုတ်ပါ) အပျက်

လမ်းဆုံးတာပဲ- (မှန်ပါ့) အပျက်လမ်းဆုံးတာ ဒုက္ခလမ်းဆုံးတာပဲလို့ ဦးဘသန်း မှတ်လိုက်တာပေါ့- (မှန်ပါ့)။

အဲဒီတော့ သူဘယ်လိုမြင်လာသတုံးဆိုလို့ရှိရင်ဖြင့် သူခန္ဓာသူကြည့်လိုက်တဲ့အခါမှာ ဩော်. . . ဖြစ်ပျက်သာရှိပါကလားလို့ သေနိယမြင်လာတယ်. . . (မှန်ပါ့)။

နောက်ကျတော့ ဉာဏ်က ရင့်လာတော့ **ဩော်. . . ခန္ဓာတစ်ကိုယ်လုံးဟာ လောကီဒုက္ခသစ္စာချည်းပဲလို့သူပိုင်ပိုင်နိုင်နိုင်သိလိုက်တယ်၊** ဖြစ်မှုကလဲ ဒုက္ခပဲ ပျက်မှုကလဲ ဒုက္ခပဲလို့ သူပိုင်ပိုင်နိုင်နိုင် သိတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဖြစ်မှုကကော-(ဒုက္ခပါဘုရား) ပျက်မှုကကော. . . (ဒုက္ခ ပါဘုရား)။

ဘာဖြစ်လို့ ဒီဉာဏ် ဝင်လာပါလိမ့်မတုံးဆိုတော့ မြတ်စွာဘုရား ဒေသနာတော်ကြည့်လိုက် ခန္ဓာငါးပါးဟာဒုက္ခသစ္စာတရားလို့ဆိုတယ်၊ ဖြစ်နေလဲ ဒုက္ခသစ္စာဖြစ်ရမှာပဲ. . . (မှန်ပါ့) ဦးဘသန်း ပျက်နေကော. . . (ဒုက္ခသစ္စာပါပဲဘုရား) ဒုက္ခပဲပျက်ရမယ်. . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့တစ်ကိုယ်လုံးမှာ ဖြစ်ပျက်နှစ်ခုစလုံးကိုကြည့်လိုက်တဲ့အခါကျလို့ရှိရင် ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိတယ်၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ကြည့်လေနဂိုတုန်းက ခန္ဓာငါးပါးက ဒုက္ခသစ္စာကိုးဗျ. . . (မှန်ပါ့) ဖြစ်နေလဲ ဖြစ်ဒုက္ခသစ္စာပဲ၊ ပျက်နေကော. . . (ပျက်ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီး၊ ဒါဖြင့် သူ့ဉာဏ်ထဲ ဘယ်လို ထင်လာသတုံး ဆိုတော့ ဩော်. . . ဤကားဖြစ်ဒုက္ခ၊ ဤကား ပျက်ဒုက္ခ၊ ဤထက်ကျော်တဲ့ကြီးကျယ်တဲ့ ဒုက္ခတော့မရှိဘူး၊ ဒီဒုက္ခအကြီးဆုံးပဲ၊ **ပြေးလို့မလွတ်တဲ့ဒုက္ခဆိုတာ ပိုင်ပိုင်နိုင်နိုင် သိတယ်. . .** (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာပိုင်ပိုင်နိုင်နိုင်သိတယ်ဆိုတာ

ဖြစ်မှုလဲ ဒုက္ခသစ္စာ . . . (မှန်ပါ့) ပျက်မှုကော. . . (ဒုက္ခသစ္စာပါဘုရား) သွားနေလဲ ဒီနှစ်ခုက ရှိနေတာပဲ. . . (မှန်ပါ့) ထိုင်နေကော. . . (ရှိပါတယ်) အိပ်နေကော. . . (ရှိပါတယ်ဘုရား)။

ဒီနှစ်ခုရှိတော့ ဩော်. . . ဒီခန္ဓာကြီးသည် ဒီနှစ်ခုဟာ ရှိနေတော့ ဒီ့ထက်ကြီးတဲ့ ဒုက္ခမရှိတော့ဘူးလို့ ပိုင်းခြားသိတာကို ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိတယ်ဆိုတာပဲ. . . (မှန်ပါ့)။

အဲဒီတော့ ဖြစ်တာလဲ သုခမရောစေနဲ့၊ ပျက်တာလဲ သုခ

မရောစေနဲ့၊ ပျက်သွားတာ ကောင်းတယ်ကွလို့ ပုထုဇဉ်မိုက် ဆိုတာ ဆိုချင်ဆိုသေးတယ်. . . (မှန်ပါ)။

ပျက်သွားတာလဲ ဒုက္ခသစ္စာပဲ, ဖြစ်နေတာလဲ ဒုက္ခသစ္စာပဲ၊ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ" ပါဠိတော်က (မှန်ပါ) "ဒုက္ခံ နိရုဇ္ဈ မာနံ နိရုဇ္ဈတိ" ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာပဲ ရှိသဟေ့. . . မင်းတို့ တစ်ကိုယ်လုံးမှာ၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ထဲ ဘာသာလျှင်ရှိသလဲ. . . (ဒုက္ခဖြစ်၍ ဒုက္ခ ချုပ်တာပဲ ရှိပါတယ်ဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာ ရှိတယ်ဆိုတာ သေသေ ချာချာ ဤကား. . . ဒုက္ခ၊ ဤထက်ကြီးတဲ့ဒုက္ခ မရှိတော့ဘူးဆိုပြီး တော့ သူ့စိတ်ထဲ ဆုံးဖြတ်ချက် ချပစ်လိုက်တယ်. . . (မှန်ပါ)။

ဦးဘသန်း. . . ဒီ့ထက်ကြီးတဲ့ဒုက္ခ မရှိဘူးလို့ဆုံးဖြတ်ချက် ချလိုက်တယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီပြင် ဒုက္ခက ဦးအောင် ဇံဝေရ. . . ပြေးရင် လွတ်တယ်. .. (မှန်ပါ) သူကတော့ ပါနေ တာပဲ. . . (မှန်ပါ)။

## ဒုက္ခသစ္စာ၏အနက်လေးချက်

ပြောတဲ့အထဲလဲ "ပီဠနဋ္ဌ" ဆိုတာ ညာတာမဖက် အမြဲ နှိပ်စက်နေတာပဲဖြစ်မှု ပျက်မှုကနေ၁်. . . (မှန်ပါ) "သင်္ခတဋ္ဌ"

ဆိုတဲ့အတိုင်း သူ့လဲ ဇာတိ, ဇရာ, မရဏမီးက လောင်နေတော့ မီးလောင်ခံနေရတယ်ဆိုတာကတော့ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

**"သစ်္စာတရား"** ဆိုတာ သြော်ဒီဖြစ်ပျက်ကြီးကို ဖြစ်ပျက်ဖြစ်ဖို့ရာကို ခင်ဗျားတို့က ပြုပြင်နေရသေးတယ်. . . (မှန်လှပါဘုရား)။

ထမင်းနဲ့ ပြုပြင်ရ ဟင်းနဲ့ပြုပြင်ရနဲ့ ဦးဘသန်းတို့ ရုပ်နာမ် ပေါ်ဖို့ မပြုပြင်ရဘူးလား. . . (ပြုပြင်ရပါတယ်ဘုရား) ဒါဖြင့် သူမှာ သင်္ခါရဒုက္ခကိစ္စကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား) သင်္ခါရဒုက္ခကိစ္စလဲ ရှိတယ်နော်. . . (မှန်ပါ့)။

သင်္ခါရဒုက္ခကိစ္စဆိုတာ အဖန်ဖန်ပြုပြင်ရတဲ့ ကိစ္စရှိနေတော့ သင်္ခါရဒုက္ခကိစ္စတဲ့ သြော်. . . သူ့လဲ ကိလေသာမီး ဒုက္ခမီးတွေက လောင်နေတယ် ဒီဖြစ်ပျက်တွေကို . . . (မှန်ပါ့)။

လောင်တာနဲ့ ပြောင်ပြောင် မသွားဘူးလား. . . (သွားပါ တယ်ဘုရား) ဦးဘသန်း ပြောင်ပြောင်သွားတာဟာ အလိုလို ပြောင်ပြောင်သွားတာလား၊ မီးလောင်လို့ ပြောင်သွားတာလား (မီးလောင်လို့ ပြောင်းသွားတာပါ ဘုရား)။

အဲဒီလိုသိလာတော့ "ဝိပရိဏာမဒုက္ခ"တဲ့၊ နဂိုအတိုင်း ခိုင်ခံ့ မတည်နိုင်ဘဲ ရင့်ရော်ဖောက်လွဲ ပြိုကွဲတဲ့သဘောတွေဖြစ်နေ တော့ နဂိုသဘောကို ရှိရဲ့လား. . . (မရှိပါဘုရား)။

အဖြစ်ကြည့်လိုက်ပြန်လဲ နဂိုသဘောဟာ ရှာမတွေ့ဘူး၊ အပျက်ကြည့်လိုက်ပြန်လဲ နဂိုသဘောပျောက်သွားတယ်. . . ဟင် (မှန်ပါ့ဘုရား) ပင်ကိုဝေဒနာသဘောတွေ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဖြစ်သဘောနဲ့ အပျက်သဘောသာရှိတယ်၊ အဖြစ်ဒုက္ခနဲ့ အပျက်ဒုက္ခသာရှိတော့ ပင်ကိုသဘောတွေ မစွန့်သေးဘူးလား (စွန့်ပါတယ်ဘုရား)။

ဝေဒနာဟာ နာတဲ့သဘောတွေ တွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား) မတွေ့တော့ဘူး၊ သာယာတဲ့သဘောတွေကော. . . (မတွေ့ပါဘုရား)။

ထိုကဲ့သို့ မတွေ့ခြင်းသည်ပင်လျှင် ဒုက္ခသစ္စာမှာ လေးချက်ဖြစ်လာတယ်လို့မှတ်လိုက်စမ်းပါ၊ ပိဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ. . . နော် (မှန်ပါ့)။

ဤလေးချက်နဲ့ ဒီဒုက္ခသစ္စာကြီး ဆက်စပ်နေတော့ ဩော် ဒီကိစ္စလေးချက်မှတစ်ပါး ဘာမှမရှိပါကလား၊ သတ္တဝါကို နှိပ်စက်တာရယ်. . . (မှန်ပါ့) သင်္ခတဋ္ဌ. . . တဲ့ ပျက်လိုက်, ပြုပြင်လိုက် ပျက်လိုက်, ပြုပြင်လိုက်နဲ့ ပျက်ဒုက္ခနဲ့ ပြုပြင်ရတဲ့ဒုက္ခတွေပဲ ရှိမနေဘူးလား. . . (ရှိပါတယ်ဘုရား)။

သန္တာပဋ္ဌတဲ့ သူ့လဲမီးတွေလောင်လောင်, လောင်လောင်ပြီး

သင်္ကာလ ပျက်စီးနေတာပဲ၊ ဇာတိ, ဇရာ မရဏမီးက ဦးဘသန်း လွတ်ကဲ့လား. . . (မလွတ်ပါဘုရား)။

မလွတ်တော့သူသန္တာပဋ္ဌ၊ မီးအလောင် မခံရဘူးလား. . . (အလောင်ခံရပါတယ်) အလောင်ခံရသောကြောင့်လဲ သူဒုက္ခ သစ္စာပဲ ရုပ်ဖြစ်ဖြစ်, နာမ်ဖြစ်ဖြစ်နော်. . . (မှန်ပါ့ဘုရား)။

ဝိပရိဏာမဌတဲ့ နဂိုသဘော ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား) စိတ်သဘော တွေ့သေးသလား၊ ဝေဒနာ သဘောတွေ့သေးသလား၊ သညာသဘော တွေ့သေးသလား. . (မတွေ့ပါဘုရား)။

မတွေ့တော့ဘူးတဲ့ ဝိပရိဏာမသဘောကလေးပဲ တွေ့နေ တယ်၊ ဝိပရိဏာမဆိုတာ ပင်ကိုသဘော စွန့်တာပဲတွေ့တယ်. . (မှန်ပါ့ဘုရား)။

ဝေဒနာကလဲ ဝေဒနာပင်ကိုသဘောစွန့်၊ သညာကလဲ သညာပင်ကိုသဘောစွန့်ပြီး သင်္ကာလ သူတို့ ဖောက်ပြန်ပျက်စီး နေတာပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာ လေးချက်ကို သေနိယမှာ ဒီလိုပဲ အားထုတ်ရင်းမဂ္ဂနဲ့ ဉာဏ်နဲ့ မြင်လာတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နှိပ်စက်တဲ့ကိစ္စ, ပြုပြင်တဲ့ကိစ္စ, ပူပင်ရတဲ့ကိစ္စ, ဖောက်ပြန်

တဲ့ကိစ္စ, ဘယ်နှစ်ကိစ္စရှိသတုံး. . . (လေးကိစ္စ ရှိပါတယ် ဘုရား)။

အဲဒီလို ခင်ဗျားတို့ ဖြစ်ပျက်အပေါ်မှာ လေးကိစ္စရှိတာကို သိပြီးလာတဲ့အခါကျလို့ရှိရင်ဖြင့် လေးကိစ္စကို ဉာဏ်ကဦးတည်ပြီး သြော်. . . ဖြစ်တာလဲ ဒီလေးကိစ္စပဲ၊ ပျက်တာလဲ ဒီလေးကိစ္စ ပဲလို့ ခင်ဗျားတို့အားထုတ်တဲ့အခါမှာဒီလိုမြင်လာလို့ရှိရင် ဒီကိစ္စ တွေသာ မြင်နေတော့တယ်ဆိုရင် တောင့်တ, ကြောင့်ကြတဲ့ တဏှာလာသေးရဲ့လား. . . (မလာပါဘုရား)။

## သစ္စာလေးပါးတစ်ပြိုင်နက်ဖြစ်တယ်

မလာတော့ ဒုက္ခပိုင်းခြားနေရင် သမုဒယက နောက်က သေနေတယ်လို့ မှတ်လိုက်. . . (မှန်ပါ့)။

ဒုက္ခပိုင်ပိုင်နိုင်နိုင် သိနေတုံးကို. . .(နောက်က သမုဒယ သေနေပါတယ်ဘုရား)။

အဲဒီတော့ ပိုင်ပိုင်နိုင်နိုင်သိတာက မဂ္ဂသစ္စာ၊ သေတာက **သမုဒယသစ္စာနော်. . .** (မှန်ပါ့) **ပိုင်ပိုင်နိုင်နိုင် အသိခံနေတဲ့ တရားက ဒုက္ခသစ္စာ. . .** (မှန်ပါ့) ဦးဘသန်း. . . ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ပိုင်ပိုင်နိုင်နိုင် အသိခံနိုင်တဲ့တရားက- (ဒုက္ခသစ္စာပါ) ပိုင်ပိုင်နိုင်နိုင်သိတာက မဂ္ဂသစ္စာ (မှန်ပါ့) ပိုင်ပိုင်နိုင်နိုင်သိနေ

တုန်းကို သမုဒယ ချုပ်နေတာက သမုဒယသေတာ. . . (မှန်ပါ့)။

အဲဒီ တဏှာ, သမုဒယသေသွားတော့ ဥပါဒါန်တွေ ကံတွေ ဇာတိ ဇရာ မရဏတွေကော (မလာတော့ပါဘုရား) ချုပ်သွားတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်) အဲဒါ နိရောဓသစ္စာ (မှန်ပါ့) သဘောပါပလား. . . (ပါ, ပါပြီဘုရား)။

အဲဒီကဲ့သို့သေနိယမှာ သစ္စာလေးချက် တစ်ပြိုင်နက်ဖြစ်လာတယ်နော်. . . (မှန်ပါ့)။

## ဓမ္မသဘောက ဖြစ်စေတာ

သစ္စာလေးချက်. . . (တစ်ပြိုင်နက် ဖြစ်လာပါတယ်ဘုရား) တစ်ပြိုင်နက်ဆိုတာက ကိုယ်က တစ်ပြိုင်နက်ဖြစ်တာလား. . . ဓမ္မသဘောက တစ်ပြိုင်နက် ဖြစ်တာလား. . . (ဓမ္မသဘောက တစ်ပြိုင်နက် ဖြစ်တာပါဘုရား)။

အဲဒါမှတ်ထားပါ . . . တဲ့၊ ကိုယ်ကဖြစ်ချင်လို့ ဖြစ်တာ မဟုတ်ပါဘူး. . . တဲ့၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိနေတုန်းပဲ သမုဒယမလာတာ. . . (မှန်ပါ့ဘုရား) သိနေတုန်းပဲ ဟိုဘက်က ဒုက္ခတွေ နိရောဓတွေ ပေါ်နေတာပဲ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ကို သစ္စာလေးချက် တစ်ပြိုင်နက် ထင်ရတယ် ဆိုတာလဲ ဦးဘသန်း ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒုက္ခလဲ ပိုင်ပိုင်နိုင်နိုင်သိတာပဲ. . . (မှန်ပါ့) သိတာက တော့ မဂ္ဂသစ္စာပဲ (မှန်ပါ့) သူနဲ့ ပိုင်ပိုင်နိုင်နိုင် အသိခံရတဲ့ တရားနဲ့ ဒ. သိဉာဏ်တရားနဲ့လဲ ပြိုင်နေတာပဲ၊ မပြိုင်ဘူးလား. . . (ပြိုင် ပါတယ်ဘုရား) သမုဒယသေတာနဲ့လဲ ဒီအချိန် လာကိုလာသေး ရဲ့လား. . . (မလာပါဘုရား) မလာတော့ အဲဒီ သမုဒယသေတာ နဲ့ကော ပြိုင်မနေဘူးလား - (ပြိုင်နေပါတယ်ဘုရား) ဦးဘသန်း ဘယ့်နှယ်တုံး. . . (ပြိုင်ပါတယ်ဘုရား) ပြိုင်တယ်တဲ့။

သမုဒယသေတာနဲ့လဲ ပြိုင်တော့ကို နိရောဓပေါ်တာနဲ့ ကော မပြိုင်ဘူးလား. . . (ပြိုင်ပါတယ်) "တဏှာ နိရောဓော နိဗ္ဗာနံ" ဆိုတော့သူချုပ်နေတော့ဒါ. . . နိရောဓဖြစ်နေတာပဲ. . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ သစ္စာလေးချက် တစ်ပြိုင်နက်ထင်တဲ့ သဘော သေနိယမှာ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပစ္စက္ခ နိရောဓ

ပေါ်လာတော့မှ ရှေ့သစ္စာချုပ်ပြီးသကာလ နိရောဓသစ္စာ ဆိုတာကြီးဟာ ဩော်. . . တခြားလားအောက်မေ့ နေတယ်

တဏှာ၏ စွမ်းရည်သတ္တိတွေ ချုပ်သောကြောင့် ကိုယ်ရှုနေတဲ့ ဒုက္ခတွေပါ ချုပ်သွားတာသည်ကားလို့ ဆိုရင်ဖြင့် အဲဒါပစ္စက္ခ နိရောဓလို့ မှတ်ပါနော်. . . (မှန်ပါ့)။

## အနာဂတ် နိရောဓ

နောက်မှ တဏှာ, ဥပါဒါန်တွေမလာလို့ ဟိုဘက်က ချုပ်တာကတော့ကို အနာဂတ်နိရောဓလို့ မှတ်ပါ. . . (မှန်ပါ့)။

အဲဒီတော့ ရှုရင်းမတ္တနဲ့ "ဖျတ်"ခနဲ ဒုက္ခတွေ ချုပ်သွားလို့ ရှိရင်ဩော်. . . ဒါသည်ကားလို့ဆိုလို့ရှိရင် နိဗ္ဗာန်ဆိုတာတခြားလား အောက်မေ့နေတယ် ဒုက္ခသစ္စာကွယ်နေလို့ မမြင်တာပါလားလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

နိဗ္ဗာန် ဘာလို့မမြင်ကြသလဲ. . . (ဒုက္ခသစ္စာတွေကွယ်နေလို့ မမြင်တာပါဘုရား) ဒုက္ခသစ္စာကွယ်နေတယ်. . . (မှန်ပါ့ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ဘယ်သူကွယ်နေသတုံး (ဒုက္ခသစ္စာကွယ်နေပါတယ်ဘုရား) ဒုက္ခသစ္စာကွယ်နေတယ်။

## နိဗ္ဗာန်ပေါ်လာတယ်

ဒုက္ခသစ္စာလဲ ခင်ဗျားတို့က ဒါ. . . သူ့ကိုဖြင့် တစ်ခါတည်း

မလိုချင်ပါဘူးဆိုတဲ့ "ဖျတ်" ခနဲ မဂ္ဂင်ရှစ်ပါးလဲ ပြည့်ပါရော ဦးဘသန်းရေ ဒုက္ခဟာမချုပ်ဘူးလား - (ချုပ်ပါတယ်ဘုရား) အဲဒီချုပ်သွားတဲ့နေရာမှာနိရောဓနိဗ္ဗာန် ပေါ်လာတာပဲ. . . (မှန်ပါ့)။

ဒါပေါ်လာတော့ ဦးအောင်ဇံဝေ ဒါပေါ်မည့်ဥစ္စာတွေကို ရှေ့သူ့လမ်းစဉ် ပြောထားတယ်နော်. . . (မှန်ပါ့)။

အင်း. . . ဦးအောင်ဇံဝေ စိတ်ထဲမှာ ဘယ်လိုဖြစ်လာ သတုံးဆိုတော့ ဩော်. . . ဒုက္ခချုပ်ရာဆိုတာ အခုမရှိဟာကို ဆိုတာပါကလားလို့ ပေါ်လာလိမ့်မယ်. . . (မှန်ပါ့) ရှုရင်းမတ္တာနဲ့ မရှိတာ. . . (မှန်ပါ့)။

ရှုရင်းမတ္တာနဲ့ မရှိတာ ပေါ်လာတော့မှ ဩော်. . . ဒုက္ခချုပ် ဒုက္ခချုပ်ဆိုတာ တခြားလား အောက်မေ့နေတယ် ခန္ဓာသိမ်း နိဗ္ဗာန်ဆိုတာ တခြားလား အောက်မေ့နေတယ် ခန္ဓာက ဒုက္ခ သစ္စာ ဒုက္ခသစ္စာဉာဏ်အောက်မှာ ပျောက်သွားတယ်၊ အဲ. . . ပျောက်သွားတဲ့ သဘောကလေးတွေ့တော့ ကိုယ့်ဟာကိုယ် သိ လိုက်တယ်၊ မိမိမှာ ဒုက္ခမရှိတော့ဘူးလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။

အဲဒီ မိမိမှာ ဒုက္ခမရှိတော့ဘူးလို့ **သိတာကလေးဟာ မဂ္ဂ သစ္စာ၊ ဒုက္ခတွေ မရှိတာက နိရောဓသစ္စာ . . .** (မှန်ပါ့) သဘောပါပလား. . . (ပါ့ပါပြီဘုရား)။

ဦးဘာသန်းကော ကျေနပ်ရဲ့လား၊ ဒါ-ပစ္စုပ္ပန်နိရောဓနော် (မှန်ပါ့ဘုရား) ပစ္စုပ္ပန်မှာ ပစ္စက္ခနိရောဓဆိုတာ ဒါပဲ (မှန်ပါ့ ဘုရား)။

**ဘုရားပေးသောဥပမာ**

ဒါဖြင့် ဒါခင်ဗျားတို့ အားထုတ်လို့ရှိရင် ဒီအစီအစဉ်အတိုင်း လာမှာပဲလို့ ကေန်မှတ်ပါ့ . . . (မှန်ပါ့)။

လောကီဥပမာ ဘုရားက ဘယ်လိုပြောလိုက်သတုံး ဆို တော့ကွာ. . . တဲ့၊ လှေပေါ်မှာ ကုန်တွေတင်ပြီး မြစ်တစ်ခုကို ကူးသကွာတဲ့နော်. . . (မှန်ပါ့)။

လှေပေါ်မှာ ကုန်တွေတင်ပြီး မြစ်ဟိုဘက် ကူးတဲ့အခါကျ လို့ရှိရင်ဖြင့်-တဲ့၊ ဒီမြစ်ကို ဖြတ်တာလဲ လှေက ဖြတ်တာပဲ. . . (မှန်ပါ့) သဘောကျပလား - (ကျပါပြီဘုရား) ကုန်တွေ ဟိုဘက် ရောက်တာလဲ. . . (လှေကြောင့် ရောက်တာပါဘုရား) သဘောပါပြီ- (ပါ, ပါပြီဘုရား)။

ကောင်းပြီ ဒီဘက်ကမ်းက ခွာတာလဲ လှေက ခွာတာပဲ နော်. . . (မှန်ပါ့) ဟိုဘက်ကမ်းရောက်အောင်ပို့တာလဲ. . . (လှေက ပို့တာပါပဲဘုရား) လှေကပို့တာပဲ။

လေ့သည် အလုပ် ဘယ်နှစ်လုပ်, လုပ်သတုံးလို့ မေးတဲ့ အခါ ဒီဘက်ကမ်းခွာတဲ့ တစ်လုပ်, ဟိုဘက်ကမ်းရောက်တဲ့ တစ်လုပ်၊ ကုန်ကိုပို့ဆောင်တဲ့တစ်လုပ်၊ ရေဖြတ်တဲ့တစ်လုပ်၊ လေး လုပ်ရှိတယ်. . . (မှန်ပ့ါ)။

ဒါဖြင့် လေ့သည် ကူးနေတဲ့အချိန်မှာ အလုပ်, ဘယ်နှစ် လုပ်လုပ်သတုံး ဆိုလို့ရှိရင် (လေးလုပ်ပါဘုရား)။

အဲဒီမှာလဲတဲ့ တစ်ပြိုင်နက်တည်း ခင်ဗျားတို့ လေးချက် ပေါ်ပါလိမ့်မယ်. . . (မှန်ပ့ါ) ခင်ဗျားတို့ တောင့်တလို့မရပါဘူး တဲ့ သူ့ဟာသူပေါ်လာမှာပဲ . . . (မှန်ပ့ါ)။

ဒီတော့ သူမဂ်ဉာဏ်ပေါ်ပြီ၊ မဂ်ဉာဏ်က အလုပ်, လုပ်မှာ ပဲဆိုတာ ဦးဘသန်းရိပ်မိပလား. . . (မှန်ပ့ါ)။

ဒါဖြင့် လေ့သည် ဒီဘက်ကမ်းကခွာတာလဲ လေ့အလုပ်၊ ဟိုဘက်ကမ်းပို့တာလဲ (လေ့အလုပ်ပါဘုရား) ဝန်တွေ ဆောင် သွားတာကော (လေ့အလုပ်ပါဘုရား) မြစ်ဖြတ်တာကော (လေ့ အလုပ်ပါဘုရား)။ အဲဒီတော့ လေ့သည် အလုပ်, ဘယ်နှစ်လုပ် လုပ်သတုံးမေးတော့ - (လေးလုပ်ပါ ဘုရား)။

ထို့အတူပဲတဲ့ ခင်ဗျားတို့၏ **ဉာဏ်ထဲမှာလဲ လေးခုစလုံး တစ်ပြိုင်နက်ပေါ်လိမ့်မယ်** - (မှန်ပ့ါ) ပေါ်တော့ကိုမြင်တော့ နိဗ္ဗာန်ပဲ မြင်မှာပဲ၊ မြင်ပေမယ့်လဲ မဂ်က မြင်တယ်ဆိုတာလဲ

ခင်ဗျားတို့ အသိသားပဲ မဂ်လာလို့ သမုဒယ သေတယ်ဆိုတာလဲ ခင်ဗျားတို့ပွားများမှုကြောင့်သေတာပဲ မဟုတ်ဘူးလား (မှန်ပါ) နိရောဓမြင်တာလဲ ပွားများမှုကြောင့် မြင်တာပဲ (မှန်ပါ) သဘောပါပလား (ပါ, ပါပြီဘုရား)။

## မဂ်ဉာဏ်သည်အလုပ်လေးခုလုပ်တယ်

ဒါဖြင့် လှေသည် လေးလုပ်, အလုပ် လုပ်သလို ခင်ဗျားတို့ နောက်ဆုံးပိတ်ကျတော့ မဂ်ဉာဏ်သည် လေးခုသော အလုပ်လုပ်မှာပဲ (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ် ဘယ်နှစ်ခု အလုပ်လုပ်မလဲ (လေးခုပါ) အဲဒီ လေးခုအလုပ်, လုပ်လိုက်လို့ရှိရင်ဖြင့် ဒီလေးခု အလုပ်ကို ဘယ်နှစ်ပါးပြည့်စုံမှ လုပ်နိုင်သတုံးမေးတော့ ရှစ်ပါးပြည့်စုံမှ လုပ်နိုင်တယ် (မှန်ပါ) ရှင်းပလား - (ရှင်းပါပြီဘုရား)။

ရှစ်ပါးမပြည့်စုံသေးလို့ရှိရင်ဖြင့်တဲ့ နိရောဓတစ်ခုကျန်နေတယ်၊ ရှစ်ပါးပြည့်စုံရင် နိရောဓတစ်ခုတိုးလာတယ်. . . (မှန်ပါ ဘုရား)။

တစ်နေ့ညကပြောခဲ့တယ် ခန္ဓာစွန့်တဏှာစွန့်ဒါတွေ တက် နိုင်တာကိုးဗျား၊ ဝိပဿနာဉာဏ်က ဟင်-(မှန်ပါဘုရား)။

မဂ်ဉာဏ်ကျတော့ ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်မျက်မှောက်ပြုဆိုတော့ မဂ်သည်ကားလို့ ဆိုလို့ရှိရင် သူနဲ့ပေါင်းလိုက်တော့ ခန္ဓာစွန့်တာလဲမဂ်ပဲ၊ တဏှာစွန့်တာကော (မဂ်ပါ) နိဗ္ဗာန်မြင်တာကော. . . (မဂ်ပါ) မြင်တဲ့ ဉာဏ်လဲမဂ်ပါပဲဆိုတော့ မဂ်ဟာ လေးလုပ်. မလုပ်ဘူးလား - (လုပ်ပါတယ်ဘုရား)။

အဲဒါ ယနေ့တရားနဲ့ ယနေ့လှေဥပမာနဲ့ ပြလိုက်တော့ ဦးဘသန်းထပ်သွားပြီ - (မှန်ပါ့) မထပ်သေးဘူးလား. . . (ထပ်သွားပါပြီ) ရှင်းပါပြီနော် (ရှင်းပါပြီဘုရား)။

အဲဒီလိုဖြစ်သွားလို့ရှိရင်ဖြင့် ဩော်-ငါ့မှာ ခန္ဓာလဲမရှိဘူးလို့ တွေးမနေနဲ့၊ တဏှာလဲ မရှိတော့ဘူးလို့ တွေးမနေနဲ့၊ ဓမ္မသဘော ပွားများလို့ ဒီလေးခု ပေါ်လာတာ မှတ်ပစ်လိုက်ပါနော် (မှန်ပါ့) ဘာမှမရှာနဲ့- (မှန်ပါ့)။

ဘာမှမရှာနဲ့ ဓမ္မသဘောအတိုင်း ပေါ်လာတာပဲဆိုပြီး သကာလ ခင်ဗျားတို့ ဩော်-ဒီအလုပ်ပဲ အလုပ်မှန်ပြီဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့ဘုရား)။

## သေနိယကကျွတ်တမ်းဝင်သွားတယ်

အဲဒီလို သေနိယမှာ သစ္စာလေးချက်၊ တစ်ပြိုင်နက်ထင်သည့်အတွက် သောတာပန်တည်တယ်. . . (မှန်ပါ့ ဘုရား)

နောက်တစ်ခါမကျေနပ်တာနဲ့ပဲ ဒါလောက်နဲ့ မကျေနပ်တာနဲ့ ဆက်ပြီးအားထုတ်တာနဲ့ ဆက်အားထုတ်တော့ သမာဓိ သတိတွေက ဆက်ပြီးသား အရှိန်ရပြီးသား ဖြစ်နေတော့ သကဒါဂါမ်လဲတည်၊ ဆက်အားထုတ်တော့ အနာဂါမ်လဲတည်၊ နောက်ပြီး ချက်ချင်းရဟန္တာဖြစ်တယ်- (မှန်ပါ့) သဘောပါပလား (ပါ,ပါပြီဘုရား)။

အဲဒီမှာ သေနိယကတော့ဖြင့် ကျွတ်တမ်းဝင်သွားတယ် ဆိုတော့ မိစ္ဆာဒိဋ္ဌိ စွန့်လိုက်ပြန်လို့ရှိရင်လဲ အပြစ်မရှိဘူး. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဗဟုသုတရှိအောင် မိစ္ဆာဒိဋ္ဌိနဲ့ ပဥ္စာနန္တရိယကံဟာ မိစ္ဆာဒိဋ္ဌိက ကုစားလို့ရတယ်၊ ပဥ္စာနန္တရိယကံကမှ တားမြစ်တယ်. . . (မှန်ပါ့) မိစ္ဆာဒိဋ္ဌိက စွန့်လိုက်ရင်ပြီးတာပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နဂိုက မိစ္ဆာဒိဋ္ဌိရှိတယ်၊ ငါလုပ်ရင် ငါရတယ်ဆိုတဲ့မိစ္ဆာဒိဋ္ဌိ သဿတဒိဋ္ဌိကရှိနေတယ်. . . (မှန်ပါ့ ဘုရား)။

## ပညာကပွားပြီးစွန့်တာ

အဲဒါကို ဝိပဿနာလုပ်လိုက်တဲ့အခါကျတော့ ငါရှာတွေ့သေးရဲ့လား. . . (မတွေ့ပါ) ရုပ်ကြည့်လိုက်ပြန်လဲ ဖြစ်ပျက်တွေ့တယ်. . . (မှန်ပါ့) ဝေဒနာကိုကြည့်လိုက်ပြန်လဲ. . . (ဖြစ်ပျက်ပါပဲ) စိတ်ကြည့်လိုက်ပြန်လဲ. . . (ဖြစ်ပျင်ပါပဲဘုရား)။

အဲ. . . ဖြစ်ပျက်နဲ့ တွေ့နေတော့ ဒီကတည်းက ငါပြုတ်တာပဲ. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ငါပြုတ်ကတည်းက မိစ္ဆာဒိဋ္ဌိက စွန့်ပြီးသားဖြစ်သွားတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် မိစ္ဆာဒိဋ္ဌိကိုစွန့်ပါတယ်၊ စွန့်ပါတယ်ဆိုတာက **သညာစွန့်, ပညာစွန့်ရှိရာတို့တွင် အမှတ်နဲ့စွန့်တာက တစ်မျိုးနော်** (မှန်ပါ့) **ပညာက ပွားပြီးစွန့်တာက တစ်မျိုးလို့** ဦးဘသန်းတို့က မှတ်ရမယ်နော်. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အခုဟာသညာစွန့်နဲ့ ကိစ္စမပြီးဘူး၊ ပညာစွန့်နဲ့မှ မိစ္ဆာဒိဋ္ဌိက သွားပါတယ်ဆိုတာ လေးစားစွာနဲ့ မှတ်ရမယ်. . . (မှန်ပါ့) သဘောပါပလား. . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ဒီလေးချက်ဟာ အလုပ်စဉ်ထဲပါသွားပြီ၊ သူလဲ ရဟန္တာဖြစ်တဲ့အလုပ်ပဲဆိုတာကော သေချာပလား . . . (သေချာပါပြီဘုရား)။

## ပုဏ္ဏကသရဏဂုံတည်ရုံပဲ

သေချာတဲ့အတွက် ပုဏ္ဏကတော့ဖြင့် သရဏဂုံတည်ရုံပဲ၊ နွားလိုကျင့်တဲ့လူက. . . (မှန်ပါ့) သူကတော့ဖြင့် ရဟန်းဘောင်ဝင်တဲ့ပြီးသကာလ သူတော်ကောင်းအလုပ်ကို တကယ်မှန်မှန်လုပ်တော့ သစ္စာလေးချက် တစ်ပြိုင်နက် လေးခါထင်တာနဲ့ ရဟန္တာထိအောင် ဖြစ်သွားတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဒီရဟန္တာသည် ဘာဖြစ်လို့ ဖြစ်ပါလိမ့်မတုံးမေးတော့မှ မိစ္ဆာဒိဋ္ဌိကလဲကံပဲ၊ အဲဒီကံ စွန့်ပစ်လိုက်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိဟာ ဘာပါလိမ့်. . . (ကံပါဘုရား) ကြည့်လေ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိချုပ်တဲ့ကံဆိုတော့ သူလဲကံနဲ့ဆက်နေတယ် (မှန်ပါ့) မဆက်ဘူးလား. . . (ဆက်ပါတယ်ဘုရား)။

အဲဒီကံတွေစွန့်လိုက်လို့ သူ ရဟန္တာဖြစ်တာ . . (မှန်ပါ့) ဒီကံမစွန့်လို့ရှိရင်. . . (ရဟန္တာမဖြစ်ပါ) မဖြစ်နိုင်ဘူးဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဖြစ်ပျက်လုပ်နေတဲ့အလုပ်ဟာ သေနိယတို့ ရဟန္တာဖြစ်တာက ကံစွန့်လို့ဖြစ်တာပါကလား၊ မိစ္ဆာဒိဋ္ဌိကံကို စွန့်ချလိုက်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မဂ္ဂင်ရှစ်ပါးဆိုတာ

မိစ္ဆာဒိဋ္ဌိကံတွေ စွန့်ပြီးသကာလ မဂ္ဂင်ရှစ်ပါးအလုပ်, လုပ်လိုက်တော့ မဂ္ဂင်ရှစ်ပါးကို ကံဖြတ်တရား၊ စာလိုသုံးတော့ အကကျာ အသုက္ကကံလို့ မှတ်လိုက်ပါ. . . (မှန်ပါ့)။

မမည်းမဖြူတဲ့ကံ ကံလို့သာဆိုရတယ်၊ ကံကပြဋ္ဌာန်းတာ မဟုတ်ဘူး၊ မဂ္ဂင်က ပြဋ္ဌာန်းတာ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့်မဂ္ဂင်ရှစ်ပါးမှတစ်ပါး ခင်ဗျားတို့ ကိုးစားရာ, အားထားရာဘာမှမရှိဘူး၊ သူသာလျှင် "ဧကာယနောအယံ ဘိက္ခဝေမဂ္ဂေါ" ဘိက္ခဝေ = ရဟန်းတို့၊ အယံမဂ္ဂေါ = ဤမဂ္ဂင်ရှစ်ပါးသည်။ ဧကာယနော = တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏ဆိုတော့ သူက အကွေ့အကောက်မရှိဘူး . . . (မှန်ပါ့ဘုရား)။

## မဂ္ဂသစ္စာ၏ အနက်လေးချက်

ဒါ့ကြောင့်မဂ္ဂင်ရှစ်ပါးမှာ "မဂ္ဂဿ နိယျာနဋ္ဌော" ဆိုတော့ဟို. . . ကိလေသဝဋ်တွေမှာလဲ ထွက်မြောက်သွားတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ထဲ သူပို့သေးသလား (မပို့ပါဘုရား) အဲဒါကြောင့် သူ **နိယျာနဋ္ဌသဘောသတ္တိ** ရှိတယ်နော်. . . (မှန်ပါ့)။

**ထုတ်ဆောင်ခြင်းသဘောသတ္တိ** ရှိတယ်၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ခြင်း သဘောသတ္တိရှိတယ်. . . (မှန်ပါ့)။

"**ဟေတုဋ္ဌော**"တဲ့ သူသာပေါ်လာလို့ရှိရင် အဖြောင့်နိဗ္ဗာန်သွားတယ်တဲ့. . . (မှန်ပါ့) အကွေ့အကောက် ပါသေးသလား (မပါ, ပါဘုရား)။

"**ဒဿနဋ္ဌော**"တဲ့. . . တစ်ခါမှမမြင်ဖူးတဲ့ ဒုက္ခချုပ်တာကို မြင်ရမယ်. . . တဲ့ (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

"**အဓိပတေယျဋ္ဌော**" ခင်ဗျားတို့ အဲဒီမဂ်ဥ် တည်တဲ့ သီလ ဟာ ဘယ်သူဖျက်လို့ ရသေးသတုံး. . . (မရပါ) ဒီဘဝက သောတာပန်အဖြစ်နဲ့ သေသွား ဟိုဘဝလဲ သီလက ရှိနေတာပဲ (မှန်ပါ့) **အဓိသီလ, အဓိစိတ္တ, အဓိပညာ** အဲဒီကျမှ **ဖြစ်တာ** (မှန်ပါ့). . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဩော်. . . တို့သည်ကားလို့ဆိုရင် အခုခံထား တဲ့ သီလက မရေရာပါကလား၊ မဂ်နဲ့ တွဲလာတဲ့

သီလမှ ရေရာပါ ကလား၊ ဘယ်တော့မှ မပျက်ပါလားဆိုတာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

ဒါ့ကြောင့် ဘယ်တော့မှ အပါယ်မကျဘူးဆိုတာလဲ. မသေချာဘူးလား. . . (သေချာပါတယ်ဘုရား) အပါယ်ကျတဲ့ ကံတွေကိုလဲ မဂ်က ထုတ်ဆောင်ပစ်လိုက်တယ်နော်. . . (မှန်ပါ့)။

နိဗ္ဗာန်လဲအဖြောင့်ပို့လိုက်ပြီ၊ မမြင်တာကိုလဲမြင်ရပြီ၊ သီလတွေကလဲ အဓိပတိတွေဖြစ်ကုန်ပြီး သီလသမာဓိ ပညာတွေကလဲ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်ကုန်ပြီ. . . (မှန်ပါ့)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီ မဂ္ဂသစ္စာ လေးချက်ဟာလဲ ပြည့်စုံပြီးသားလို့ မှတ်လိုက်ပါ. . . (မှန်ပါ့) ကြိုးစား ကြိုးစား (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သေနိယ ရဟန္တာဖြစ်တာ ဒီလိုမြင်လို့ ရဟန္တာဖြစ်တယ်ဆိုတာ မှတ်ပြီး ဒီနေ့ တရားသိမ်းလိုက်တယ်၊ ကဲ. . . သာဓုခေါ်ကြ။

သာဓု . . . သာဓု . . . သာဓု. . . ။